
ဖိုးမိုး စာပေ
လုံးချင်းဝတ္ထုသစ်
ဆုလေးနှယ်
(ရန်ကုန်တက္ကသိုလ်)
ရင်ခုန်စရာ
Lလင်း

# အခန်း (၁)

စတက်ဆံပင် အချွန်အမျှင်လေးတွေ ကို နည်းနည်း ပြန်ပုံသွင်း ဖို့ ရည်ရွယ်ချက်နှင့် ကလျာက မင်းထွဋ်နှင့် အတူ ဖြူတီစပါးလေးတစ်ခုအတွင်း းသို့ လှမ်းဝင်ခဲ့သည်။

အဲဒီ မှာ ကလျာဆံပင်ညှပ်နေကျ ဟဲစတိုင်လ်လစ် တစ်ယောက် ရှိသည်။

ကလျာကိုမြင်တာနှင့် ထိုစတိုင်လ်လစ်ချာတိတ်က...

"အစ်မ...ခဏလေးစောင့်နော်၊ ဒီ တစ်ယောက် ပြီးတာနဲ့ အစ်မဝင်လို့ရပြီ"

"အင်း... ရပါတယ်"

ကလျာက ကိုယ့်ဆံပင်ကို ကိုင်နေညှပ်နေကျသူဆီမှာ ပဲ အပ်နှံဖို့ စိတ်ချသည်။

မသိတဲ့သူဆီမှာ ဘယ်တော့မှ မညှပ်။

မလှမ်းမကမ်းမှာ ကတ်စတာမာဧည့်သည်နှင့် အဖော်ပါလာသူတို့အတွက် နားနေစရာ လယ် သာဆက်တီ ခရမ်းဖျော့လေးတစ်စုံကို ချထားသည်။ တခြားထိုင်ခုံအလွတ်တွေ လည်း နံရံနား ကပ် ကာ ဆယ်လုံးလောက် တန်းစီချထားသေးပေမဲ့ ကလျာက မင်းထင့်ကိုခေါ်ကာ ထိုဆက်တီဆီ လျှောက်လာခဲ့သည်။

ဒီမှာ ပိုပြီး သက်တောင့်သက်သာမရှိမယ်လေ။

နှစ် ခုတွဲ လေးလွတ်နေတာမို့ အတော် ပင်။

ကလျာနှင့် မင်းထင့်က အသာဝင်ထိုင်လိုက်သည်။

မျက်နှာချင်းဆိုင်မှာ ထိုင်လျက် ဂျာနယ်တစ်စောင်ဖွင့်ဖတ်နေသော လူရွယ် တစ်ယောက် က သူ့ဂျာနယ်မှ ကျော်ကာ ကလျာတို့ကို မသိမသာ တစ်ချက်အကဲခတ် စူးစမ်းသည်။

ကလျာနှင့် သူ အကြည့်ချင်း ဖျတ်ခနဲဆုံမိကြသည်။

ကလျာသည် တည်ငြိမ်အေးဆေးသော်လည်း ပျော့ပျောင်းညံ့သက်မှု တစ်ခုနှင့် ညှိရီရီ တောက်ပရွှန်းလက်သော သူ့မျက်ဝန်းတွေ နှင့် အဆုံမှာ ရုတ်တရက် အကြည့်ပြန်လွှဲဖို့ပင် မေ့ကာ အငိုက်မိသွားလေသည်။

နွေးထွေးချိုမြိန်သော မျက်လုံးလေးတွေ က ကလျာကို အလွန်အမင်း ဆွဲဆောင်နိုင်သည်။

သူကြည့်တာနှင့် ကလျာဘာကြောင့် ရုတလုပ်လုပ်ခုန်လာရသလဲ မသိ။

မျက်လုံးအကြည့်လေးကို အရမ်းကြိုက်သွားမိတာ ဝန်ခံသည်။

သူ့မျက်နှာက ယောက်ျားပီသသော ပုံသဏ္ဍာန်ရှိသည်။ မေးရိုးခပ်ဖြောင့်ဖြောင့်နှင့် အလျား ရှည်ရှည်၊ နှုတ်ခမ်းထူထူတွေ ကို ပိုင်ဆိုင်သလို မေးစေ့နှင့် နှုတ်ခမ်းအထက်နားမှ မွေးညှင်းရိပ်ရိပ် လေးလည်း ရှိသည်။

ဆံပင်ဖြောင့်ဖြောင့်တွေ က မတိုမရှည် အနေတော် သူ့နဖူးပေါ် ခပ်ဝဲဝဲကျနေပုံကပင် တစ် မျိုးကြည့်ကောင်းသည်။

ဝတ်ထားတာက ကော်ဖီရောင် နှင့် အနက်ရောင် အရောနှစ် ထပ်စပို့ရှပ် လက်ရှည်တစ်ထပ်၊ လက်တိုတစ်ထပ် အတွဲ ပုံစံ။ ဘောင်းဘီက ဂျင်းအနက်ရောင် ။

ထိုင်နေပုံကြည့်ရတာ ကိုယ်ဟန်မတ်မတ်နှင့် အရပ်မြင့်မည့် ပုံပါပဲ။

သူက ဂျာနယ်ကိုပိတ်လိုက်ကာ တစ်ချက်ခေါက်ပြီး မှန်စားပွဲပေါ်တင်ပြီး လှမ်းတင်လိုက် သည်။

မှန်စားပွဲရဲ့ အထပ်နှစ် ဆင့်လုံးမှာ အပျင်းပြေဖတ်စရာ ဂျာနယ်တွေ ၊ မဂ္ဂဇင်းစာစောင်တွေ ရှိသည်။

မင်းထွဋ်က မဂ္ဂဇင်းတစ်အုပ်ဆွဲယူကိုင်ဖတ်နေပြီ။

ကလျာ ကတော့ သူ့ကိုသာ မသိမသာကြည့်နေမိသည်။

နစ် လိုဖွယ်ကောင်းလို့ အမှတ်မထင် ငေးနေမိတာမျိုး ပါပဲ။ အတူပါလာတဲ့ မင်းထွဋ်ကိုတော့ သူမက ငယ်နိုင်လို့ သိပ်ထည့်တွက် ဂရုမစိုက်မနေ။

သူက ဘာစိတ်ကူးပေါက်သည်မသိ ကလျာ့ကို စေ့စေ့ကြည့်ကာ နှုတ်ခမ်းစေ့ပြုံး ပြသည်။ သူ့ အပြုံး က အေးမြသန့်စင်ကြည်လင်ကာ အပြုံး သာ။

သူ့အပြုံး ကို မမှိတ်မသုန်ကြည့်နေမိပြီးမှ ကလျာ ပြန်ပြုံး ပြဖို့ သတိရသည်။

သူမက သွားချွန်ဖြူဖြူလေးတွေ ပေါ်အောင် တုံ့ပြန်ရယ်ပြလိုက်သဖြင့် ရှိုးသားရင်မှာ လည်း လှိုက်ခနဲလှုပ်ခတ်သွားရသည်။

သူမရဲ့ အပြုံး က သွားတက်ကလေးနှင့်မို့ အရမ်းချစ်စရာကောင်းသည်။ တောက်ပသက်ဝင် လတ်ဆတ်သည်။

ပြုံး အလှပိုင်ရှင်လေးပါပဲ။

သို့ ပေမဲ့ သူမရဲ့ နံဘေးမှာ အဖော်ကောင်ကလေး တစ်ယောက် ပါသည်။

ဘယ်လိုပက်သက်သလဲတော့ သူမသိ။ တရင်းတနှီးရှိသူမို့သာ ဖြူတီ စပါးထဲ ခေါ်လာ တာ ဖြစ်မှာ ။

ကောင်လေးက သူမထက် ပိုမိုအသက်ငယ်ပုံရသည်။ဂျင်းဘောင်းဘီနှင့် တီရှပ်နှင့် ခေတ် လူငယ်စတိုင်လ်ပါပဲ။

သူမ ကတော့ ထူးခြားသော ရုပ်ရည်နှင့် အဆင့်အတန်းမြင့်သော ဟန်ပန်လေးရှိသည်။

သွယ်သွယ်လျလျခန္ဓာကိုယ်လေးကပြေပြစ်နွဲ့နှောင်းပြီး အသားအရေက သိပ်မဖြူပေမဲ့ ဝင်းပနမွတ်နေသည်။

နစ် ထပ်ပုံစံ ဂါဝန်ရှည်လေးဝတ်ထားပုံကလည်း သူမနှင့် လိုက်ဖက်ကြည့်ကောင်း စတိုင်လ် လည်းကျပါသည်။

သိပ်လည်း အလှမပြင်ထားဘဲ အရောင် အဆင်းရှိသူလေးဟု မှတ်ချက်ချမိသည်။

သူမနှင့် အကြည့်ချင်းဆုံရတာ ရင်ထဲပေါ့ပေါ့ပါးပါးနှင့် နှစ် လိုနွေးထွေးမှု ရှိသည်။

သူမရဲ့ ပုံစံလေးကို ရိုးသား သဘောကျမိ၏ ။

သို့ သော် ကြာကြာပီတိမ ဖြစ်အား။

"ရိုးရေ"

အခုနမျက်နှာပေါင်းတင်နေသော မိန်းကလေး တစ်ယောက် က အလှပြင်ဆုံလည်ခုံမှ ဆင်းလာပြီးနောက် သူ့ထံ ဖြည်းဖြည်းလေးလှမ်းလာကာ သူ့နောက်ပါးမှ ချိုတိုးသော အသံလေးနှင့် ခေါ်လိုက်တာမို့ သူက ဖျက်ခနဲ လှည့်ကြည့်သည်။

"ပြီးပြီလား"

"ပြီးပြီလေ၊ ချိုသစ်မျက်နှာ ဖြူသွားလား"

"အင်း.....ဖြူပါတယ်"

"ဘာလိုသေးလဲ"

"မလိုပါဘူး၊ ကောင်းပါတယ်"

ချိုသစ္စာမေးလိုက်တိုင်း သူဒီလိုဖြေနေကျပါပဲ။

"ဒါဆို ပိုက်ဆံရှင်းလိုက်မယ်၊ ချိုသစ်အိတ်ပေးဦး"

"အိုကေ"

မှန်စားပွဲပေါ်တင်ထားတဲ့ လက်ကိုင်အိတ်အဖြူရောင် လုံးလေးကို သူက ကောက်ယူပေးလိုက် သည်။

သူ တစ်စုံ တစ်ယောက် နှင့် အတူလာတာပဲဆိုတာတော့ ကလျာသိပါသည်။

အခုတော့ သူ့ရဲ့ အဖော်ကောင်မလေးခပ်ချောချောကိုပါ တွေ့ရပါသည်။

ကောင်မလေးက ခါးထိရောက်လုလု ဆံပင်ရှည်စင်းစင်းဖြောင့်ဖြောင့်လေးနှင့် ပိန်ပိန်သေးသေး အသားဖြူဖြူလေး ဖြစ်သည်။

ငှက်ခါးရောင် ချည်ထည်လေးကို အထက်အောက်ဆင်တူဝတ်ထားသည်။ သူနှင့် ယှဉ်လျှင် တော့ ကောင်မလေးက ရိုးရိုးယဉ်ယဉ်ပုံစံလေး ဖြစ်နေသည်။

နာမည် ထည့်ပြောသွားတာ ချိုသစ်တဲ့။

သူ့ရည်းစားလား။ ဟုတ်မှာ ပါ။

ကိုယ်လည်း မင်းထွဋ်နဲ့အတူတူ လာခဲ့တာ ဖြစ်ပေမဲ့ သူ့ကို ကောင်မလေးနှင့် စုံတွဲ ခုတ်လာတာမြင်တော့ မလိုတမာ ဖြစ်ရသည်။

ချက်ချင်း လက်ငင်း ရင်ထဲ ဖြစ်ပေါ်လာတဲ့ ခံစားချက်ကို သူမ လိုက်လို့မမှီ။

အသည်းနှလုံးထဲက နစ် ခြိုက်သွားမိတဲ့ အ ဖြစ်အပျက်က ဆန်းကြယ်လှသည်။

မယုံနိုင်စရာပဲ။

သူ ကတော့ ကလျာ့ကို ခေါင်းလေးတစ်ချက်ဆတ်၍ မသိသာစွာ နှုတ်ဆတ်ရင်း ထိုင်နေရာ မှ ထရပ်လိုက်သည်။

ကောင်တာနားသွားကာ ပိုက်ဆံရှင်းပြီး ဒီဖက်ပြန်ထွက်လာသော ချိုသစ်က သူမထဲ့ တစ်ချက်စူးစမ်းသလို အကဲခတ်သည်။

ပြီးလျှင် အနားရောက်လာတဲ့သူ့ကို စကားတစ်ခွန်းနှစ် ခွန်း ကပ်ပြောလိုက်၏ ။

ထို့နောက် နှစ် ယောက် သား နီးနီးကပ်ကပ်လျှောက်လျက် ဖြူတီးစပါးခန်းမထဲမှ ထွက်ခွာသွားကြလေသည်။

“ရပြီ အစ်မ၊ ဒီဖက်ကိုလာပါ”

“သြော်.....အင်း.....အင်း”

သူ့ကျောပြင်ကို လှမ်းငေးမိနေသော ကလျာက ဆိုင်က ကောင်လေးခေါ်လိုက်တာမို့ အငေး ပျက်သွားရသည်။

ဘာမှမ ဖြစ်သလိုပင် ကြည့်မှန်ချပ်တွေ တပ်ဆင်ထားတဲ့ ရှေ့က ခုံဝိုင်းလေးဆီက ကလျာ ထလျှောက်လာခဲ့သည်။

“ရှိုး”

“ဟင်”

ချိုသစ်ရဲ့ ခေါ်သံလေးကို သူမေးဆတ်ရင်း ထူးလိုက်၏ ။

“အခုန ရှိုးရှေ့မှာ ထိုင်နေတဲ့ ကောင်မလေးက အသိလား”

“မသိပါဘူး”

“မညာနဲ့နော်”

“ငါက ဘာလို့ညာရမှာ လဲဟာ”

“သူက စုံတွဲ နဲ့လာတာမဟုတ်လား”

“မသိပါဘူးဆိုမှဟာ”

“ရှိုး သူ့ကို ထိုင်ကြည့်နေတာပဲ၊ ချိုသစ် မှန်ထဲကနေ လှမ်းမြင်နေရတယ်”

ဖြစ်နိုင်ပါတယ်။ ဖြူတီစပါးမို့ တစ်ခန်းလုံး ကြည့်မှန်တွေ ဟိုဖက်ဒီဖက် အများ ကြီးမဟုတ်လား။

ချိုသစ်သည် ရှိုးသားနှင့် ထိုမိန်းကလေးတို့ အကြည့်ချင်း ဖလှယ်ပြီး ပြုံး တုံ့တုံ့ ဖြစ်နေကြတဲ့ပုံ ကို တွေ့ခဲ့ပြီးသားမို့ မသင်္ကာချင်။

“သူကလည်း ရှိုးကို မျက်တောင်မခတ်ငေးနေတာ”

‘‘ဒီအတိုင်းပဲ ကြည့်တာနေမှာ ပါ’

ညီ ဖြစ်သူ သုတမောင်က စင်ကာပူရောက်နေတာ တစ်နှစ် ခန့်ရှိပြီ။

များ သော အားဖြင့် အိမ်မှာ မေမေနှင့်သူ နှစ် ယောက် အတူ အဖော်ရှိရာက ဒီမနက် ကတော့ သူ တစ်ယောက် တည်းမို့ တစ်မျိုး ကြီး ဖြစ်နေရတာ တော့ အမှန်။

ရိုးသားက မျက်နှာသွားမသစ်ခင် အခန်းထဲက တီဗွီကို အရင်ဆုံးဖွင့်လိုက်သည်။

ခုနကြည့်လက်စ ဇော်ဂျီနည်းရဲ့ သီချင်းက ထွက်ပေါ်လာသည်။

လာလာလားလာ××× လာလာလားလာ×××××

လာလာလားလာ×××××လာလာလားလာ×××××

နေ့တိုင်း အချိန်ရှိတိုင်း သတိရတယ်××××

ငါ့ရဲ့ စိတ်က မင်းလေးကိုပဲ××××

ညတိုင်း×××× အိပ်မက်လေးများ ထဲမှာ ×××

မင်းရဲ့ အရိပ်နဲ့ အိပ်စက်နေခဲ့××××

မင်းမှမင်းပဲအချစ်ရယ်××××

တခြား တစ်ယောက် အစားထိုးမရအောင်××××

တမ်းတမ်းစွဲပြီ ချစ်မိနေခဲ့တယ်××--××××

ရိုးသားက ခပ်တိုးတိုးလိုက်ဆိုရင်း မျက်နှာသစ်ဖို့ပြင်သည်။

သူ့ရဲ့ အကျင့်က မိုးလင်းအိပ်ရာနိုးရင် သီချင်းသံကြားရမှ။

ရေချိုး ခန်းရှိရာ လျှောက်လာရင်း နှုတ်က သီချင်းတစ်ပိုင်းတစ်စကို ညည်းလျက်။

ငါ့ရဲ့ အချစ်တို့ မင်းလေးအပြစ်မယူနဲ့×××

ဒူးထောက်အရှုံးပေး×××××မင်းကိုချစ်နေမယ်×××

ငါ့ရဲ့ အချစ်တွေ လည်း××××

မင်းအတွက်ပဲ×××

အိမ်ခန်းလေးထဲမှာ တီဗီက အယ်တီဗီသီချင်းသံရယ်၊ သူ့ရဲ့ အသံရယ် နှစ်သံပေါင်းပြီး လွှမ်းခြုံထားသည်။

အဲဒီ နောက်တော့ ဗေစင်မှာ သွားတိုက်မျက်နှာသစ်နေ၍ တစ်သံက အလိုလိုတိတ်သွား ပါသည်။

ရိုးသားက မျက်နှာသစ်ပြီးလျှင် သဘက်အဖြူကို ပခုံးတစ်ဖက်တစ်ချက်မှာ ချထားပြီး ကိုယ် တိုင်ကော်ဖီဖျော်၊ ရှိတဲ့ ပေါင်မုန့်မီးကင်နှင့် တစ်ယောက် တည်း မီးဖိုခန်းမှာ ဝမ်းမင်းရှုံးပြလိုက်၏ ။

တအောင့်နေလျှင် စားပွဲပေါ်မှာ နံနက်စာဘရိတ်ဖတ်စ် အသင့် ဖြစ်သွားလေပြီ။

စားပွဲမှာ တစ်ဦးတည်း အေးအေးဆေးဆေးထိုင်ကာ ဘရိတ်ဖတ်စ်ကို ဖြစ်သလိုပဲ စားလိုက် ပါသည်။

ခဏာက အလွယ်နည်းနှင့် ဗိုက်ဖြည့်လိုက်တာ။

စားသောက်ပြီးလျှင် စားပွဲကို အမြန်နည်းနှင့် ပဲ ပြန်ရှင်းလိုက်ပါသည်။

ခါတိုင်းတော့ မေမေရှင်းမှာ မို့ သူပူစရာမလို။

အခု ဒီအတိုင်းထားခဲ့ရင် ပုရွက်ဆိတ်တို့ဘာတို့ ရောက်လာလိမ့်မည် ။

ရိုးသားရဲ့ မေမေက အသန့်အပြန့်ကြိုက်ပြီး အရည်အချင်းရှိတဲ့ အိမ်ရှင်မမို့ သူလည်း ပစ် လက်ခတ်မလုပ်ရဲပေ။

ရှင်းလင်းသပ်ရပ်နေတဲ့အိမ်ကို သူဖွထားလျှင် မေမေပြန်လာရင်မလွယ်။

ကဲ ဒါတွေ အမြန်သိမ်း၊ ရှစ်နာရီလောက် ကြိုရောက်မှ တော် ကြာနေ နောက်ကျနေမယ်။ နေဦး ဘာနဲ့ သွားမလဲ။

သူ့ဂျစ်ကားယူသွားလို့တော့ မ ဖြစ်။

ဒါဖြင့် ဖုန်းရော၊ ဟန်းဒ်ဖုန်းလည်း ပိတ်ထားမှပဲ ဖြစ်မှာ ပါ။

သူ သတိတရ ဖုန်းကို ပါဝါပိတ်ပစ်လိုက်သည်။ ပြီးလျှင် သူ့ရဲ့ ဖိုင်ထဲ အိတ်နှင့် ထည့်ကာ အသာဝှက်လိုက်သည်။

ခေါင်းဖြီး အဝတ်အစားလဲ။

ရေမွှေးနည်းနည်း ဆွတ်ဖျန်း၊ ပြီးတော့မှ တီဗီပိတ်၊ မိန်းချဖို့ ခလုပ်နားကပ်သွားပြီးမှ အခန်း ထဲ တစ်ခေါက်ပြန်ဝင်လာသည်။

မှန်ထဲမှာ သူ့ဆံပင် သူပြန်ကြည့်သည်။

ဆံပင်က နည်းနည်း ရှည်နေပြီ။ နောက်မှာ လည်း ဂုတ်ပေါ်ရောက်လုရောက်ခင်၊ ရှေ့မှာ လည်း အီမိုပုံစံမျိုး တစ်စောင်းအဝဲ ဖြစ်နေသည်။

ဂျယ်ကိုဖွင့်ယူ၍ ခေါင်းပေါ်လူးသည်။

ဘေးခွဲ ဖြစ်အောင် သပ်သပ်ရပ်ရပ် ဖြီးကြည့်သည်။

ဒါမှ ရိုးရိုးသားသားပုံစံလေး ဖြစ်ပြီး အလုပ်ခန့်ချင်သွားမှာ ။

ဒီနေ့ ဦးအဂ္ဂမိုးနဲ့ တွေ့ရမှာ မို့ ရိုးသားနည်းနည်း တော့ စိတ်လှုပ်ရှားနေမိသည်။

သူဝတ်ထားတာက ရှပ်ကော်လံကတုံး အင်္ကျီဖြူဆွတ်ဆွတ်နှင့် ပိုးတွဲ ပုဆိုး ဇီးညို ရောင် မှိုင်းမှိုင်းမို့ အဝတ်အစားကိုတော့ သူ့ဘာသာ ကျေနပ်သွားမိသည်။

လက်ကိုင်ဖုန်းကို ဖိုင်အိတ်ထဲမှ ပြန်ထုတ်ပြီး အင်္ကျီရင်ဘတ်ထဲ ထိုးထည့်လိုက်သည်။

ဒီမနက် သူ ပျာယာခတ်နေမိသည်။

ဘာမှအမှား းအယွင်းမရှိဘဲ သူ့ကို ဦးအဂ္ဂမိုး စိတ်ချယုံကြည်စေချတဲ့ဆန္ဒက သူ့မှာ ပြင်းပြနေ သည်မဟုတ်လား။

သူဟာ မိခင်နှင့် အစ်မ ဖြစ်သူတို့ကို တစ်ဖက်တစ်လမ်းဝင်ငွေရှာဖွေပေးနေရတဲ့

မပြည့်မစုံ ကောင်လေး တစ်ယောက်။ အကျင့်စာရိတ္တအားဖြင့် လည်း ကောင်းမွန်တည်ကြည်ဖြောင့်မှန်တဲ့ သူ။

ဆယ်တန်းမအောင်ခဲ့ပေမယ့် ယာဉ်မောင်းတော့ ကျွမ်းကျင်သည်။

တကယ်တော့ သူ့ကို ဘာတွေ မေးလို့ သူက ဘယ်လိုဖြေရမယ်မှန်း သိတာမဟုတ်။

ဦးအဂ္ဂက သူ့ကားမောင်းဖို့ ဒရိုင်ဘာ တစ်ယောက် ရှာဖွေတယ်သတင်းကြားလို့သာ သူသွား လျှောက်ဖို့ လှုပ်တစ်ပြက်စိတ်ကူးရခဲ့တာ။

ထိုစိတ်ကူးကို ဒီနေ့တော့ အကောင်အထည်ဖော်ရမှာ ဖြစ်သည်။

ထို့နောက် ရိုးသားသည် လက်မှာ ပတ်ထားတဲ့ ရွှေရောင် နာရီကို တစ်ချက်ကြည့်ကာ လမ်း ထိပ်ဖက်သို့ လမ်းလျှောက်လာခဲ့သည်။

ဘတ်စ်ကားတော့ သူမစီး ဖြစ်၊ လမ်းထိပ်က တက္ကစီတစ်စီးနားသို့ သွားမေးလိုက်သည်။

"ဗဟိုစည်အိမ်ရာသွားမယ်ဗျာ"

******

ရိုးသားက လက်ဖက်ရည်ကြမ်းပန်းကန်လုံးကို ပြန်ချထားလိုက်ပြီး စီးကရက်ဗူးကို ကောက် ယူလိုက်သည်။

တစ်လိပ်ထုတ်ပြီး နှုတ်ခမ်းဖျားမှာ ချိတ်လိုက်တာနှင့် ဂျပန်ကြီးက သူ့စီးကရက်ကို ထောက် ခနဲမီးခြစ်ဖွင့်လျက် မီးညှိပေးလိုက်ပါသည်။

ဂျပန်ကြီးက သက ဘီယာဆိုင်မပို့ဘဲ လက်ဖက်ရည်ဆိုင်ခေါ်လာတာ။

ဘီယာဆိုင်သာသွားမိရင် ညဥ့်နက်သန်းခေါင်ထိ ထပြန်လို့ ရမှာ မဟုတ်။

ဂျပန်ကြီးက ဘီယာဝင်သွားလျှင် အင်မတန်စကားများ တတ်သူ၊ ပြောလို့ကို ပြီးမှာ မဟုတ် တော့တာ သူသိလို့ပါ။

အခုတော့ လက်ဖက်ရည်ဆိုင်ရဲ့ အပြင်ဖက် ကွန်ကရစ်ခင်းလေးမှာ မီးရောင် ခပ်မှိန်မှိန်နှင့် လေကလေး တဖြူး ဖြူး တိုက်ခတ်နေတော့ အလိုလို အပန်းပြေသွားရသည်။

ရိုးသားက စီးကရက်လေးကို ခင်မျှင်းမျှင်း အရသာခံကာ ရှိုက်ဖွာလိုက်သည်။ ထို့နောက် မီး ခိုးငွေ့ကို အသာအယာ ဖြည်းဖြည်းချင်း မှု တ်ထုတ်လိုက်၏ ။

ဂျပန်ကြီးက လက်ဖက်ရည်ကို ကုန်အောင်မော့လိုက်ပြီး။

"ဟေ့ကောင် ရိုးသား၊ ဒီလက်ဖက်ရည်လောက်နဲ့တော့ မရဘူးနော်၊ မနက်ဖြန်ကျရင် မင်း ကတိအတိုင်း ဘီယာလိုက်တိုက်ရမယ်။ ဒါပဲ"

"အေးပါကွာ၊ နောက်တစ်ပတ်မှ သောက်ပါ"

"မင်းကို ဆရာက လခကြိုထုတ်မပေးဘူးလား"

"အလုပ်တောင် မဆင်းရသေးဘူး လခပေးမလား"

"ဆရာကြီးက အရမ်းသဘောကောင်းပါတယ်။ မင်းပြောရင် ထုတ်ပေးလိမ့်မယ်"

"ငါးလည်း အဲလောက်ကြီး ပိုက်ဆံမလိုပါဘူး"

"မင်းက ဘီယာဆိုင်သွားဖို့ ကပ်စေးနဲ့နေတာကိုး"

"ကပ်စေးနဲ့လို့ မဟုတ်ဘူး။ ငါ့အမေက အိမ်ပြန်နောက်ကျရင် ပွမ်တတ်တယ်။ မင်းသိသား နဲ့"

"တစ်ခါတစ်လေ အဆူခံပေါ့ကွာ"

"အေးပါ ...မင်းကြောင့် အဆူခံရတာ လည်း များ နေပါပြီ"

“ငါ့ကြောင့် ကောင်းစားတာလည်း ရှိပါတယ်ကွာ၊ အခု မင်းလိုချင်တဲ့အလုပ် ရသွားပြီလေ ကွာ”

“အေးပါ၊ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်”

ဂျပန်ကြီးရဲ့ အစ်ကိုကနေတစ်ဆင့် အန်ကယ်ဦးအဂ္ဂထံမှာ ဒရိုင်ဘာအလုပ်လုပ်ဖို့ အကူ အညီရရှိခဲ့တာ အမှန်ပါ။

“မင်းနောက်ပိုင်းဆို ဦးအဂ္ဂခြံမှာ ပဲ နေရတော့မှာ ပေါ့ ဟုတ်လား”

“အင်း.”

“ကို ပြန်မလာရဘူးလား”

“ရုံးပိတ်တော့ ပြန်လာမှာ ပေါ့ကွာ”

“မင်းအမေ သိသွားပြီလား”

“အား …အမေ့ကို ပြောလို့ဘယ် ဖြစ်မလဲ၊ ငါ့သူငယ်ချင်းမြတ်သူတို့အိမ်မှာ သွားနေရမှာ လို့ပဲ ပြောထားတယ်။ မင်းလည်း ယောင်လို့တောင် မဟနဲ့”

“အေးပါ”

“ငါ ကားသွားမောင်းတယ်ကြားရင် အမေ ရင်ဘတ်ဖိမှာ ”

ရိုးသားက ကိုယ့်အကြောင်းကို အသိဆုံး။

ဦးအဂ္ဂဆိုတဲ့ အမည် ကိုသာကြားရင် အမေပိုပြီးတော့တောင် သွေးတိုးသွားလိမ့်မဦးမယ်။

ဒါက သူ လျှို့ဝှက်ထားရမည့် ကိစ္စ။

“မင်းကိုလည်း ကျေးဇူးတင်ပါတယ် ဂျပန်ဂျာ၊ ဒါပေမဲ့ ငါ့အကြောင်းတွေ တော့ မင်းလုံးဝ လျှောက်မဖွမိစေနဲ့နော်၊ အဲဒါပဲ မှာ လိုက်မယ်”

"စိတ်ချစမ်းပါ။ ငါ ဒီလောက်တော့ သိပါသေးတယ်"

ဂျပန်ကြီးက လက်ဖက်ရည်ကြမ်း ထပ်ငှဲ့ကာ သူ့ရှေ့ချပေးသည်။

"ဟော့ကောင်...မင်းကို မေးရဦးမယ်"

ရိုးသားက ဂျပန်ကြီးကို ပြောလေဆိုသော ပုံစံနှင့် သာ ကြည့်လိုက်ပါသည်။

"ဦးအဂ္ဂနဲ့ စက္ကထရီကောင်မလေးက အရမ်းမိုက်တယ်ဆို မင်းတွေ့ပြီးပြီလား"

"မတွေ့သေးပါဘူး။ ဘာ ဖြစ်လို့လဲ"

"တော်တော် ချောတယ် ပြောလို့ကွ"

"အဲဒါ ငါက ဘာလုပ်ရမှာ လဲ"

"ဟဲ....ဟဲ....ဟဲ...."

ဂျပန်ကြီးက ရယ်လိုက်သည်။

"မင်းကလည်း သားသားနားနား၊ ဟိုကလည်း အမိုက်စားလေးဆိုတော့"

"စိတ်မဝင်စားပါဘူးကွာ၊ ကိုယ့်အကြောင်းနဲ့ကိုယ်ပါ"

"အေးပေါ့ကွာ ...မင်းမှာ က ချိုသစ္စာရှိနေတာကိုး"

"ကျွတ်.. သူနဲ့မဆိုင်ပါဘူး"

"မင်းက ပြောအားရှိတာပေါ့၊ မင်းကိုဆို ကောင်မလေးတွေ က ကြွေတာကိုး၊ အားကျယ် တယ် ရိုးသားရာ"

"မင်းက ဘာကိစ္စမှာ အားကျရမှာ လဲ၊ မင်းမှာ မိန်းမရှိတယ်ဆိုတာ မမေ့နဲ့။ ငါ မစန္ဒာနဲ့ သွား တိုင်ရမလားပြော"

ဂျပန်ကြီးက ကလေး တစ်ယောက် အမေ တစ်ခုလပ်မလေး မစန္ဒာဦးနှင့် လက်ထပ်ထားခဲ့ တာ နှစ် နှစ် လောက်ပင်ရှိသွားပြီ။

"တိုင်လေ၊ မင်းဘာပြောပြော စန္ဒာက မယုံဘူးမှတ်၊ သူက ငါ့အပေါ် နားလည်မှု ရှိပြီးသား"

"မထင်နဲ့နော် ဂျပန်၊ မင်းမသိသေးဘူး၊ မင်းကို ဘီယာသောက်ခွင့်ပါမစ်ပေးတာနဲ့ သိပ် လျှော့တွက်မထားနဲ့ မိန်းကလေးကိစ္စ အသံကြားရင် မင်းဘာ ဖြစ်သွားမယ်ထင်လဲ"

"တော် ... တော် .. စကားမလှည့်နဲ့၊ မင်းကိစ္စပဲ မင်းအရင်ပြော"

"ငါ့ကိစ္စက အေးဆေးပဲလေ၊ ဘာမှပြောစရာမှ မရှိတာ"

"ဟော့ကောင် ဟိုမှာ ချိုသစ္စာလာနေပြီ"

ဂျပန်ကြီး ရုတ်တရက်ပြောလျှင် သူက နောက်တယ်လို့ ထင်မိကာ။

သို့ပေမယ့် လက်ဖက်ရည်ဆိုင်ရှေ့ပလက်ဖောင်းကို ကြည့်လိုက်တော့ တီရှပ်လက်ရှည် အနက်လေးနှင့် စကဒ်ထဘီအသားဖျော့ဖျော့လေးနှင့် ဆံပင်ရှည်တွေ ကျောပေါ်ဖြန့်ချထားတဲ့ ချို သစ်ရဲ့ သိမ်မွေ့နူးညံ့တဲ့ အပြုံးကို လှမ်းမြင်ရလေသည်။

"သွား...သွား..မင်းကို လာခေါ်တာ"

ရိုးသားက စားပွဲမှ ထလျှောက်လာခဲ့သည်။

"ဘာလဲ ချိုသစ်"

အနားရောက်လျှင် ရိုးသားက မျက်ခုံးလေးပင့်လျက် မေးလိုက်သည်။

"ရိုးဒီမှာ ရှိမယ်လို့ အန်တီကပြောလို့၊ ချိုသစ်နဲ့ စာအုပ်ဆိုင် ခဏလောက် အဖော်လိုက်ခဲ့ပါ လားဟင်"

ရိုးသားက ဂျပန်ကြီးထံပြန်လှည့်ကြည့်တာနဲ့ ဟိုက ချက်ချင်း သဘောပေါက်ပြီး သွား... သွား ဟု လက်ပြသည်။

ရိုးသားနှင့် ချိုသစ္စာတို့နှစ် ဦးသား ပလက်ဖောင်းအတိုင်းလျှောက်လာခဲ့ကြလေသည်။

ချိုသစ္စာက သူမန်ဘေးက ရိုးသားကို အသာလေးခိုးမော့ကြည့်လိုက်၏ ။

ရုပ်အင်္ကျီ အဖြူစင်းလေးနှင့် ကာကီရောင် ဘောင်းဘီပွပွကို ဝတ်ထားသော သူ့စတိုင်လ်က ချိုသစ္စာရဲ့ မျက်ဝန်းထဲက ကြည့်ကောင်းလှပါသည်။ ရိုးအပေါ် နှစ် လိုမှု တွေ အမြဲတမ်းရှိနေတာ ရိုး ကတော့ သိမည် မထင်။

ရိုးသားနှင့် ချိုသစ်တို့ဟာ တစ်တိုက်ထဲ အတူနေ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာ ကြာမြင့်လှ ပါပြီ။

နှစ် ဦးကြားမှာ နားလည်ရင်းနှီးမှု တွေ လည်း ရှိသင့်သလောက် ရှိခဲ့ပြီးသားပါ။

"ရိုး"

"ဘာလဲ...ငါ့ကို ဘာလို့ကြည့်နေတာလဲ"

"မေးစရာရှိလို့ပေါ့"

"နင့်ကို မေမေဘာပြောလိုက်လဲ"

"နင် အန်တီနဲ့ ဘာ ဖြစ်ပြန်ပြီလဲ"

"ဘာမှ မ ဖြစ်ပါဘူး"

"မြတ်သူတို့အိမ်မှာ သွားနမလို့ဆို၊ အဲဒါ အန်တီ့ကို စိတ်ဆိုးလို့မဟုတ်ဘူးလား"

"ဘယ်ကလာ... မေမေနဲ့ ဘာဆိုင်လို့လဲ။ မြတ်သူတို့အိမ်မှာ ဘယ်သူမှမရှိလို့ ငါခဏသွား နေပေးမလို့ပါ။ မေမေ့ဆီတောင် ခွင့်တောင်းပြီးသား"

"အန်တီက နင့်ကို မေးမြန်းကြည့်ဦးလို့ ပြောတယ်"

"ဘာမှ အထွေအတူးမဟုတ်ဘူး။ ပျင်းလို့ ခဏသွားမှာ ၊ ချိုသစ်နော် နင် မေမေ့ကို ဘာမှ အတို့အထောင်မလုပ်နဲ့"

"ငါ့ကို အထင်မလွဲနဲ့ဦးဟဲ။ နင် အဲလို တစ်ခါမှ သူငယ်ချင်းအိမ် သွားနေတာမျိုး မရှိတော့ အန်တီက စိတ်မကောင်း ဖြစ်နေတာ"

"ဟာကွာ... ဘာမှ မဟုတ်ပါဘူးဆိုမှ"

ရိုးသားက စိတ်တိုချင်လာသည်။

"မဟုတ်ရင်လည်း ပြီးရော"

သားအမိနှစ် ယောက် တည်း ရှိတဲ့ဥစ္စာကို သူက မအေးနားတော့ မနေဘဲ သူငယ်ချင်းအိမ် သွားနေမယ်ဆိုတော့ ကောင်းသလား။

အန်တီလေးက မတားပေမယ့် စိတ်ထဲတော့ သားလုပ်သူတစ်ခုခုကို အလိုမကျလို့ ဖြစ်မှာ ပဲ လို့ ထင်နေရှာတာ။

"နင်ကရော ညကြီးမိုးချုပ် တစ်ယောက် တည်း ဘာလို့ ဆင်းလာတာလဲ"

"မိုး မချုပ်ပါဘူး။ အခုမှ ခုနနှစ် ရီကျော်လေးရှိသေးတာ"

စာအုပ်အငှားဆိုင်က ဒီအချိန်ကြမှ စာအုပ်စုံတာဟဲ့

ချိုသစ်က နှုတ်ခမ်းလေးစူလျက် ပြန်ပြောရင်း ရိုးသား သူမအပေါ် စိတ်မချလက်မချ ပူပန် ပေးတာကို ရင်ထဲ တစ်မျိုးတော့ ကျေနပ်မိပါသည်။

ချိုသစ်ကို ရိုးက ဘယ်လိုသဘောထားသလဲ သေချာမသိပေမယ့် အန်တီထားရော၊ မမသူ ဇာရော၊ ချစ်ခင်အရေး ပေးကြတာအမှန်ပါ။

"ငါ့မောင်လေးက နာမည် နဲ့လိုက်အောင် တကယ်ရိုးတာ ချိုသစ်ရဲ့ ၊ ခုထိ ရည်းစားကို မရှိသေးတာ။ ဖေဖေက ရည်းစားမရှိရင် ရှာပေးမယ်လို့ပြောတော့ သူရှက်ပြီး ဆင်းပြေးသွားတာ ကြည့် အဟင်း ဟင်း"

မသူဇာက ရယ်မောသဘောကျနေခဲ့သည်။

ချိုသစ်နှင့် လည်း မသိမသာ စတတ်သည်။

ချိုသစ္စာရဲ့ အမေကလည်း ရိုးသားရဲ့ တည်ကြည်အေးဆေးတဲ့ပုံစံကို အလွန်သဘောကျတဲ့ သူ ဖြစ်သည်။

သို့ပေမယ့် ဟောဒီရိုးက မလှုပ်သေးတော့ ဘာမှမတတ်နိုင်။

ချိုသစ်ကလည်း ရေလာမြောင်းပေးစကားတွေ ပြောတတ်ဖို့ ရှက်တတ်သူ ဖြစ်ရာ သူတို့ကြားမှာ စည်းတစ်ခုက ခြားထားသလို ဖြစ်နေသည်။

ခင်မင်နွေးထွေးသော သံယောဇဉ်လေးတစ်ခု ရှိနေတာကိုပင် ချိုသစ္စာက ကျေနပ်နှစ် သိမ့်မိ ပါသည်။

******

"ကြီးမြရေ....ကြီးကြီးမြ"

ကလျာသည် ခြံရဲဘေးခြမ်း ကွန်ကရစ်လမ်းလေးမှ လျှောက်လာကာ မီးဖိုခန်းတံခါးပေါက်မှ အသံပြုလိုက်သည်။

မနက်စောစောပိုင်းဆိုရင် ကြီးမြ မီးဖိုဖျောင်မှာ ရှိတတ်တာမို့ သူမကလည်း လာနေကျပါ။

ဒီနေ့ပက ရုံးပိတ်ရက် ဖြစ်တာမို့ လေးလေးက ဂေါက်ဖိရိုက်သွားလိမ့်မည် ။ ပြီးလျှင်အိမ်ပြန်မှ ဘရိတ်ဖတ်စ် အေးအေးဆေးဆေးစားလိမ့်မည် ။

ဒါကြောင့် အန်တီထွေးချက်တဲ့ ရှွေတောင်ခေါက်ဆွဲကို စတီးချိုင့်နှင့် ထည့်ကာ လေးလေးဂ အတွက် ကလျာက စောစောစီးစီး ဦးဦးဖျားဖျား လာပို့ပေးတာ ဖြစ်သည်။

ဒီဖက်ခြံက အိမ်ကြီးကိုလည်း သူမ ဝင်ထွက်နေကျမို့ ဘာမှထွေထွေထူးထူး မစဉ်းစား။

"ကြီးမြ"

အသံမကြားရသဖြင့် ကျွန်းတံခါးဟစိစိကို သူကမ တွန်းဖွင့်ဝင်လိုက်သည်။

မီးဖိုခန်းလေးက ကြွေပြားဖြူဖြူကို ကပ်ထားသဖြင့် ရှင်းလင်းသန့်ပြန့်စွာ တိတ်ဆိတ်နေ ၏ ။

ကြီးမြ မရှိဘူးလား။

ကလျာက နောက်ထပ်တံခါးလေးတစ်ချပ်ကို တွန်းဖွင့်ကြည့်လိုက်သည်။

ထိုတံခါးက ထမင်းစားခန်းဖက်ကူးတဲ့ ကျွန်းသားတစ်ဝက်၊ မှန်တစ်ဝက် ဆလိုက်တံခါး လေးမို့ အသံပင်သိပ်မမြည် ။

ဟောတော့။

ဖဲသားပန်းနုရောင် နှင့် ချုပ်ထားသော စားပွဲခင်းအနားတွန့်များ နှင့် သားနားလှသော ထိုစား ပွဲမှာ တစ်ယောက် တည်းထိုင်ပြီး စီးကရက်သောက်နေသူကို တွေ့လျှင် သူ တအံ့တသြလေးမျက် မှော င်ကုပ်သွားရ၏ ။

သူကလည်း ကလျာ့ကိုတွေ့ တော့ မျက်ခုံးပင်ပြသည်။

သူ့ပုံစံက သူ့အိမ်သူ့ယာလို သက်တောင့်သက်သာ နေရိုးနေစဉ်ပင်။

အိပ်ရာနိုးစပုံစံ ဆံပင်လေးတွေ ကပိုကရိုနှင့် မရမ်းရောင် ဂါဝန်အရှည်လေးနှင့် ဟန်ပန်လေး က ချစ်စရာ။

ရိုးသားက စီးကရက်ကို လက်ဖျားမှာ ညှပ်လျက်သားနှင့် သူမကို ပြုံးပြလိုက်ပါသည်။

သူမက ပြင်မင်မပြုံးနိုင်အောင် သူ့ကို တငေးတမောလေး ကြည့်လို့။

အကြည့်လေးက စူးစူးစမ်းစမ်း၊

ကိုယ်က ဘာတွေ ထူးဆန်းနေလို့လဲ။

“ရှင် ဘယ်လို လုပ် ဒီကိုရောက်နေတာလဲဟင်”

ကလျာ့မေးခွန်းကို သူက ခပ်ပြုံးပြုံးပင် ခေါင်းဆတ်ကာ…

“ရောက်နေတာ မဟုတ်ဘူး။ ကျွန်တော် ဒီမှာ နေနေတာ”

“ရှင် ဘယ်လို”

“အိမ်ကြီးပေါ်မှာ တော့ မဟုတ်ဘူးပေ့ါဗျာ။ ဆားဗင့်ကွာတာနဲ့ တဲထားတဲ့ ကားဂိုဒေါင်ရဲ့ အပေါ်ထပ်မှာ ပေ့ါ”

“ဪ”

သူမေးဆတ်ပြတဲ့ဘက်ကမှာ နှစ် ထပ်ဂိုဒေါင်လေးရှိသည်။ ဂိုဒေါင်ဆိုပေမယ့် သပ်ရပ်တဲ့ တိုက်အိမ်ကလေးပါပဲ။

သူက အဲဒီ မှာ နေသတဲ့လား။

ဒါဖြင့် ဒရိုင်ဘာအသစ်ပေ့ါ။

ကလျာနှင့် တစ်ခါမဆုံဖူးသေး။

“ဒါဖြင့် ရှင်က”

“ဟုတ်ပါတယ်၊ ကျွန်တော် က ဦးအဂ္ဂရဲ့ ကားဒရိုင်ဘာပေါ”

ကလျာက မျက်လုံးလေးဝိုင်းကာ သူ့ကိုမယုံသလို ကြည့်နေမိသည်။

ဗြူတီစပါးမှာ ဆုံဖူးတုန်းက သူဟာ အခုလို အပိုးကျိုးကျိုးပုံစံမဟုတ်ပါဘူး။

အိမ်မှာ ဘော်ကြော့နေရသော ခေတ်လူငယ် တစ်ယောက် စတိုင်လ်မျိုးပါ။

အခုမှ ဘယ်နှယ်လုပ် လေးလေးဂရဲ့ ဒရိုင်ဘာ လာ ဖြစ်နေရတာ လဲ။

တစ်စုံတစ်ခုကို သူမစိတ်ထဲ ဘဝင်မကျ။

“ကလျာရွှေရုပ်က ဟိုဖက်ခြံမှာ နေတာလား”

“ဟင်...ရှင်က ကျွန်မနာမည် ကို သိတယ်”

“ဟိုနေ့ကမှ အန်ကယ်ဂ ရုံးကိုရောက်တော့ ကလျာက ပါစင်နယ်စက္ကထရီဆိုတာ

သိရတာ ပါ”

အို...သူက သိနေပါလား

ကလျာ့မှာ သူ့ကို မမျှော်လင့်ဘဲ တွေ့ရတဲ့အပြင် သူ့စကားတွေ ကြောင့် ပို၍ အံ့အားသင့်ရပါ သည်။

“ကျွန်တော် က မောင်မောင်ပါ၊ ကလျာ ကျွန်တော့်ကို မှတ်မိတာ ဝမ်းသာပါတယ်”

တီရှပ်လက်တို မီးခိုးရောင် နှင့် ပုဆိုးအနက်ကို ဝတ်ဆင်ထားသော သူ့ပုံစံက ရှင်းသန့်သား နားနေကာ ကားဒရိုင်ဘာလာလုပ်တဲ့သူလို့ လုံးဝမထင်ရချေ။

“ဘာလို့ ကြည့်နေတာလဲဗျ၊ ဒီမှာ လာထိုင်လို့ရပါတယ်။ ကော်ဖီသောက်ပါဦးလာ”

ကလျာက စားပွဲနားသို့ လျှောက်လာသည်။

“ကြီးမြ ကတော့ ခြံရှင်းဖို့အလုပ်သမား သွားခေါ်နေတယ်” အန်ကယ်ဂက ဂေါက်ဖ်ရိုက်သွား တယ်။ ကျွန်တော့်ကို မယုံရင်တော့လည်း လှည့်ပြန်ပေါ့ဗျာ။”

“ကလျာ ရွှေတောင်ခေါက်ဆွဲလာပို့တာပါ”

ချိုင့်ကို စားပွဲပေါ်ချကာ သူမက ခုံတစ်လုံးမှာ ထိုင်လိုက်သည်။

သူ့ကိုမယုံတာတော့ မဟုတ်ပါ။

သို့သော် သူ့ဆီမှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေသလို ကလျာခံစားရသည်။

ဘာကြောင့်မှန်း မသိ ရင်တွေ လည်း ခုန်နေသည်။

ရိုးသားမောင်က စီးကရက်မီးခိုးငွေ့ကို သူမဖက်သို့ မရောက်အောင် ဟိုဖက်မျက်နှာလွှဲကာ ခပ်ဖြည်းဖြည်း မှု တ်ထုတ်လိုက်သည်။

မုန့်စား၊ ကော်ဖီသောက်ပြီးရင် စီးကရ်လေးတစ်လိပ်လောက် ရှိုက်ဖွာကာ

ဂျာနယ်ဖတ်တတ် တာ သူ့ရဲ့ အကျင့်ပါ။

မေမေ ကတော့ သူ စီးကရက်သောက်တာကို မကြိုက်။ တစ်နေ့လုံး သုံးလိပ်သောက်ခွင့်ပေး ဖို့ မနည်းတောင်းဆိုထားခဲ့ရတာ ။

အခုလည်း သူကမ နာခေါင်းလေးမသိမသာ ရှုံ့သည်။ ရိုးသားလည်း အားနာစွာ စီးကရက် လက်ကျန်တစ်ဝက်ကို ပြာခွက်ထဲ ထိုးချေပစ်လိုက်၏ ။

ကလျာရွှေရုပ်ဟာ ဦးအဂ္ဂရဲ့ အနီးကပ်နေရာတစ်ခုမှာ ရှိနေတာဟာ သူမျှော်လင့်မထားတဲ့ ဆုလာဒ်တစ်ခုပါပဲ။

“ရှင်က ဘယ်မှာ နေတာလဲ”

“အရင်အိမ်မှာ ပဲလေ”

သူက ပြုံးစိစိ ပြောင်စပ်စပ်လေးဖြေသည်။

“ဖြူး တီးစပါးမှာ တွေ့ခဲ့တာက”

“ရည်းစားလို့ ထင်လို့လား”

“ဒါဆို ရှင်ဇနီးလား”

“ဟာပေါက်ပေါက်ရှာရှာ သူငယ်ချင်းပါဗျာ။ ဒါဖြင့် ခင်ဗျားဘေးကကောင်လေးကရော”

“ရှင့်လိုပဲပေါ့”

“မထင်ပါဘူးဗျာ”

“ဘာရှင့်”

“ကြည့်ရတာ သိပ်ရင်းနှီးနေတယ်”

“အံ့မယ်... ကျွန်မတို့က ငယ်ပေါင်းတွေ ပါနော်”

“ငယ်ပေါင်း”

သူက သံယောင်ရေရွတ်ကာ ကလျာ့ နောက်ပြောင်ချင်ပုံ။

“ငယ်သူငယ်ချင်းလို့ ပြောတာ”

“ဟုတ်ကဲ့ ရှင်းပါပြီ”

လေးလေးဂ ကတော့ ဘယ်လိုလူကို အလုပ်ခန့်လိုက်တာလဲ မသိပါဘူး။

“ဘာ ဖြစ်လို့လဲဗျ”

ရိုးသားမောင် သူမရဲ့ မျက်နှာမဲ့ပုံလေးကို ချစ်စနိုးနှင့် သဘောကျ ကြည့်နေမိသည်။

“နောက်တီးနောက်တောက်နဲ့”

“ခင်လို့ပါဗျာ။ ကျွန်တော် ကတော့ ခင်ဗျားကို တွေ့ တည်းက သဘောကျတယ်”

ပွင့်ပွင့်လင်းလင်း သူ့စကားကြောင့် ကလျာမှာ ရင်တွေ ဖိုရမလို ဖြစ်သွားသည်။

သူ့ပုံစံလေးကလည်း မချိုမချဉ်၊ လူကို မျက်လုံးမှေးစင်းကာ ကြည့်နေတဲ့ပုံက စိမ်ပြေ နပြေ။

တွေ့ စတုန်းက အ ဖြစ်အပျက်လေးကို ကလျာလည်း မမေ့သေးပါဘူး။

ကောင်မလေးရဲ့ လက်ကိုင်အိတ်ကို သူ စားပွဲပေါ်က ကောက်ယူပြီး လှမ်းပေးလိုက် တုန်းက ရင်ထဲ အံ့သြလစ်ဟာသွားတဲ့ ခံစားချက်ကို ကလျာ အမြဲမှတ်မိနေခဲ့သည်။

“ရှင်က ကိုမောင်မောင်ပေါ့။ ဒါပေမဲ့ အဲဒီ တုန်းက ရှင့်ကို သူခေါ်တာ ရိုးလားလို့”

သူမရဲ့ မှတ်ညဏ်ကိုပဲ ချီးကျူး ရမှာ လား၊ ကိုယ့်ကိုယ်စိတ်ဝင်တစ်စားရှိတာကိုပဲ ကျေနပ် ဂုဏ်ယူရမှာ မလား။

ရိုးသားမျက်ခုံးတွေ ပင့်သွားရတာ တော့ အမှန်ပဲ။

"ကလျာက နားပါးလိုက်တာဗျာ။ ရိုးလို့ခေါ်တာမှန်ပါတယ်။ ကျွန်တော့်နာမည် ရင်း ရိုးသား မောင်ပါ။ သူငယ်ချင်းတွေ က မောင်မောင်ပဲ ခေါ်ကြတာများ တယ်"

သူပြောလိုက်တော့လည်း ဟုတ်နေပါသည်။

သို့သော် သူမစိတ်ထဲ ဘာကိုမှန်းမသိ။ သံသယလေးတစ်မျိုး ရှိနေပါသ်။

"ကျွန်တော် ညာနေတယ်ထင်လို့လား"

သူကလည်း ကလျာ့အတွေ းကို ရိပ်မိလေဟန်။

"မဟုတ်ပါဘူး။ ဒါပေမဲ့ ပထမတစ်ခါနဲ့ အခုတစ်ခါမှာ ရှင့်ပုံစံက မတူဘူး။"

"ဘာကို တူတာလဲ"

ဒါကိုတော့ ကလျာလည်း မပြောတတ်။

"အခုပုံစံက အလုပ်ဝင်လိုက်တဲ့ပုံစံပေါ့ဗျာ။ မထူးဆန်းပါဘူး"

"ရှင်က ဒီမှာ အမြဲနေမှာ လား"

"အန်ကယ်ဂက တစ်ပတ်တစ်ရက်ပဲ ပြန်ခွင့်ပြုတယ်"

"ရှင့်မိသားစုကရော"

ကောင်မလေးက သူ့ကိုစပ်စုသည်။

"အိမ်မှာ လောလောဆယ် ကျွန်တော် နဲ့ မေမေနဲ့ပဲရှိတယ်"

ကလျာ ကတော့ သူ့အကြောင်းကို ဂဃနဏသိထားချင်မိတာ အမှန်ပင်။

လေးလေဂနှင့် ပတ်သက်လာလျှင် သူကမ သူစိမ်းလိုသဘောမထားနိုင်။

လေးလေးဂရဲ့ ဘဝဟာ ချမ်းသာပြည့်စုံသော်လည်း အထီးကျန်သည့်။ ဇနီးဟောင်းက စွန့်ခွာသွားခဲ့တာ ကြာမြင့်လှပြီတဲ့။

ကလျာသည် လေးလေးရဲ့ မန်နေဂျာ မ ဖြစ်ခင်ကတည်းကပင် လေးလေးရဲ့ ဘ၀ကို ကရု ဏာသက်ရသူ ဖြစ်ပါသည်။

လေးလေးကလည်း သူမတို့တူအရီးအပေါ် မိသားစုလို သဘောထားသည်မဟုတ်လား။

“ကလျာက ကျွန်တော် အပေါ် ဘယ်လိုမြင်လဲတော့မသိဘူး။ ကျွန်တော် ကတော့ အလို လာကြုံဆုံတာ ခင်မင်ခွင့်ရတာ ကို ဝမ်းသာတယ်။ ဒီအိမ်မှာ နေရတာ ကျွန်တော် အရမ်းပျင်းနေ တယ်။ ဖြစ်နိုင်ရင် ကလျာနဲ့ စကားပြောချင်တယ်”

ကလျာက မျက်စောင်းတစ်ချက် ဝင့်သည်။

သူအပျင်းပြေအောင်ပင် ကလျာက စကားလာပြောပေးရမယ့်ပုံ။

“ကြီးမြက ကျွန်တော် စားဖို့ ထမင်းကြော်ပေးတာ။ ပေါင်မုန့်ကြော်ပေးတာမျိုး လုပ်ပေးပါ တယ်။ ဒါပေမဲ့ ကျွန်တော် က မုန့်ဟင်းခါးကြိုက်တယ်”

“ရှင့်ဘာသာ သွားစားပေါ့”

“ဒီနားမှာ ဆိုင်ကောင်းကောင်းရှိလား၊ မနက်ဖြန် ကလျာနဲ့အတူ သွားစားရင် မကောင်းဘူး လား”

သူက တရင်းတနှီး အဖော်ပင်စပ်လို့။

ကလျာက ခေါင်းညိတ်ဖို့ အနည်းငယ်တွေ ဝေနေမိသည်။

“ကျွန်တော် က ဒရိုင်ဘာမို့လို့ ကျွန်တော် နဲ့သွားရင် ကောင်းပါ့မလားလို့ စဉ်းစားနေတာ လား”

“မဟုတ်ပါဘူး”

“ဒါဆို ဘာလို့လဲ”

“အန်တီထွေးက ကလျာအပြင်ထွက်စားမှာ စိုးလို့ အိမ်မှာ ပဲ အမြဲတမ်း

တစ်ခုစီစဉ်ပေးတယ်"

"ဩော်...အဲလိုလား"

"အင်း...မုန့်ဟင်းခါးချက်တဲ့နေ့ ရှင့်ကို ပို့ပေးမယ်လေ"

ကောင်မလေးက ဒုံးဝေးချင်ယောင်တာဟု ရိုးသားထင်မိသည်။

မုန့်ဟင်းခါးဆိုတာက အကြောင်းပြချက်တစ်ခုပဲ ဆိုတော့ သူမ ရိပ်မိမှာ ပါ။

ကိုယ်နဲ့ အတူတူ အပြင်မထွက်ချင်တာ ဖြစ်ပါလိမ့်မယ်။

သူ့ဖက်လည်း စိတ်လောသွားတာ။ အခုမှစပြီး စကားပြောဖူးတာ မဟုတ်လား။ သူမ စိတ်ချ လက်ချ ခင်မင်နိုင်ဦးမှာ မဟုတ်ပါဘူးလေ။

"အဲဒါဆိုလည်း သင့်ခ်ယူပါဗျာ"

"ကျွန်မပြန်တော့မယ်"

"ဟာ... နေပါဦး၊ ကော်ဖီသောက်ဦးလေဗျာ"

ကလျာက ခေါင်းလေးယမ်းပြီး ငြင်းဆန်လိုက်သည်။

"ကျွန်မ သောက်ခဲ့ပြီးပြီ"

သူမ မတတ်တပ်လိုက်စဉ်မှာ ပဲ ခြေသံတစ်ခုနှင့် အတူ ကြီးကြီးမြကလှမ်းဝင်လာသည်။

ကလျာတို့နှစ် ယောက် ကို အတူတွေ့ရလျှင်....

"ဩော်... မောင်မောင်နဲ့ သမီးကလျာနဲ့က ခင်မင်ကြတာကိုး"

ဒီမောင်မောင်ဆိုတဲ့ လူငယ်လေးဟာ အရင်ကလာနေဖူးတဲ့ ယာဉ်မောင်းတွေ နဲ့ မတူဘူးလို့ တော့ ထင်မိသား။

ဦးအဂ္ဂကလည်း အရေး တယူရှိသည်။

အခု ကလျာနှင့် လည်း တရင်းတနှီးရှိလှပါလား။

ကြီးမြအပြောကြောင့် ရိုးသားနူတ်ခမ်းတွေ က ပြုံးသွားရသည်။

ကျေနပ်စွာ ချိုမြနေသော သူ့အပြုံးကို ကလျာ တိတ်တဆိတ် ငေးကြည့်နေလိုက်မိသည်။

******

# အခန်း (၂)

ကလျာသည် မီးပွိုင့်နားအဝင်မှာ သူတို့ရှေ့ကို ဖြတ်ကျော်တက်သွားတဲ့ ဂျစ်ကားအဖြူရောင် ခပ်လှလှလေးကိုကြည့်မိလျှင် အလိုလိုမျက်မှော င်ကုပ်သွားရသည်။

အမိုးတစ်ဝက်နှင့် အလှဆင်ထားသော ဂျစ်ပုကို ခပ်ကြမ်းကြမ်းမောင်းသွားတာ ရိုးသား မောင်နှင့် သိပ်တူသည်။

ဦးထုပ်အဝိုင်းဆောင်းပြီး နေကာမျက်မှန် အပြာဖျော့ကို တပ်ဆင်ထားပေမဲ့ သူ့ရုပ်ကို က လျာမှတ်မိသည်။

အော်တာပုံစံ ရှပ်အင်္ကျီအပြာပွင့်လေးကို ဝတ်ဆင်ထားသည်။ ဘောင်းဘီက နက်ပြာရောင် အတိုအပွ။

"မြတိုး... ရှေ့ကဂျစ်ကားနောက် လိုက်ပေးစမ်းပါ"

"ဘာ ဖြစ်လို့လဲ ကလျာရဲ့ "

"ငါပြောပြပါ့မယ်။ နင်သာ မျက်ချည်မပြတ်စေနဲ့"

ကလျာနှင့် မြတိုးတို့က ရှော့ပင်သွားဖို့ ထွက်လာခဲ့တာမို့ ရုတ်တရက် ဂျစ်ကားနောက်လိုက် ဆိုသဖြင့် မြတိုးက ဘုမသိဘမသိ ရှုံ့မဲ့သွားရသည်။

စိမ်းမြတိုးက ကျောင်းတက်ကတည်းက သူ့ကားသူမောင်းပြီး လာတတ်သူမို့ ကလျာတို့ တစ်ဖွဲ့လုံး သူ့ကို အင်မတန်အားကိုးရသည်။

ဘယ်သွားချင်ချင် သူ့ကိုပဲ ချောဆွဲရတာ လေ။

အခုလည်း မြတိုးကားပေါ်မှာ ရှိတုန်း မသိမသာ ကပ်လိုက်ထားရင်း....

"ဟဲ.....အဲ့ဒါ ဘယ်သူလဲ"

"လေးဂရဲ့ ဒရိုင်ဘာ"

“ဟင်း”

“ကဲ...နင်မယုံဘူးမို့လား၊ ငါလည်း အဲဒါပဲ ဒေါ့ဘ် ဖြစ်နေတာ”

“ဟုတ်ရဲ့ လား”

“သေချာအောင် သူ့နောက်ကလိုက်ကြည့်ရမှာ ပဲ”

“ဘယ်သွားမှန်း မသိတဲ့ဥစ္စာ၊ ကလျာရယ်၊ ငါက ဘယ်အထိ လိုက်ရမှာ လဲ”

“ဘယ်အထိပဲ ဖြစ် ဖြစ် အသာလေးလိုက်ကြည့်ရအောင်”

ရိုးသားမောင်က ဗဟန်းဖက် ခကာသွားသည်။ စားသောက်ဆိုင်တစ်ဆိုင်ထဲ ဘာဝင်ဝယ် သလဲတော့မသိ။

ကလျာတို့က သူ့ကားနှင့် ခပ်လှမ်းလှမ်းကနေ ပုန်းလျှိုကွယ်လျှိုး စောင့်ကြည့်ရတာ ဖြစ် သည်။

ဒီတစ်ခါ ဦးတည်တာက ကမာရွတ်ဖက်။

ကလျာမှာ စိတ်တွေ စောနေ၏ ။

မြတိုးက ကားမောင်းကျွမ်းကျင်၍ သာ သူ့နောက်မှ ခပ်မှန်မှတ်မောင်းပြီး လိုက်ပါနိုင်ခဲ့တာ။

“ဟိုဖက်ယာဉ်ကြော ပြောင်းယူလိုက်ပြီ။ လမ်းထဲချိုးမယ်ထင်တယ်”

မြတိုးကလည်း သူ့နည်းတူ ယာဉ်ကြောပြောင်းဖို့ ပြင်လိုက်သည်။

ကလျာက စူပါဆလွန်းထဲမှ ယာဉ်တန်းရှေ့ဆုံးက ကားကို လက်ပြလိုက်သည်။

ဂျစ်ကားက လမ်းထဲချိုးကွေ့သွားလေပြီ။

ကလျာတို့ ထိုလမ်းထိပ်အရောက်မှာ သူ့ကားနောက်ပိုင်းကလေးသာ ခပ်ပြပြလှမ်းမြင်ရ တော့၏ ။

"ဒီအချိန်မှာ တော့ မပျောက်တော့ပါဘူး ကလျာရယ်၊ စိတ်ချစမ်းပါ။"

ရိုးသားမောင်ရဲ့ ဂျစ်ကားလေးသည် ကန့်ထရိုက်တိုက်ခပ်သစ်သစ်တစ်လုံးရှေ့မှာ ရပ်သွား သည်။

အခန်းကျယ်နှစ် ခန်းတွဲ ခြောက်ထပ်တိုက်။

သူက ကားပေါ်မှဆင်းပြီးလျှင် လှေကားပေါ်သို့ တန်းတန်းမတ်မတ်တက်သွားလေ သည်။

"အဲဒါ သူ့အိမ်လား"

"ငါလည်း မသိဘူး"

လှေကားတစ်လျှောက် မှန်ချပ်တွေ နှင့် မို့ သူတစ်သွားတာလှမ်းမြင်နေရပါသည်။

သုံးလွှာမြောက် အခန်းရှေ့မှာ သူရပ်သွားသည်။

"မော့ကြည့်လိုက်ကလျာ မြင်ရတယ်။ တံခါးပေါက်တွေ က ဝရန်တာမှာ ပဲထင်တယ်။ ဟောတွေ ့လား"

"အေ"

သူတံခါးခေါက်တဲ့အခါ ဝရန်တာကို ထွက်လာတဲ့ အန်တီကြီး တစ်ယောက် ကတံခါးဖွင့်ပေး လိုက်ဟန်တူ၏ ။

နောက်တွဲ ဆံထုံးနှင့် ကိုယ်လုံးကိုယ်ထည် သွယ်လျဆဲ ခပ်လှလှအမျိုးသမီးကြီး ဖြစ်သည်။

ရပ်ရည် သန့်ပြန့်ချောမောခန့်ညားတာ အဝေးမှပင် ထင်ရှားနေသည်။

"သူ့အမေထင်တယ်နော်"

"ဟုတ်မယ် မြတိုးရဲ့၊ အမေနဲ့နေတာလို့တော့ ပြောတာပဲ"

"သားအမိနှစ် ယောက် လုံး ရုပ်ရည် ကတော့ မိုက်တယ်"

ကားပေါ်က မဆင်းဘဲ နှစ် ယောက် သား ဝေဖန်အကဲခတ်နေမိကြသည်။

"ကဲ အိမ်တော့ သိပြီး နင်ဘာဆက်လုပ် မှာ လဲ"

"သူဘာလို့ ညာထားတာလဲမသိဘူး။ လေးလေးဂကို ပေးထားတာ ဒီလိပ်စာ မဟုတ်ဘူး။ တောင်ဒဂုံလို့ရေး ထားတာ"

"သူ့အကြောင်းနဲ့ သူတော့ ရှိမှာ ပေါ့ဟယ်။ သူ ဒရိုင်ဘာဝင်လုပ်နေတာ သူ့အမေ မသိစေ ချင်တာတို့ ဘာတို့ ဖြစ်မှာ ပေါ့"

"သူ့ပုံစံက ဒီလခလောက် မက်စရာလား"

"နင်ဘယ်လို ထင်လို့လဲကလျာ"

"သူ့မှာ အကြံတစ်ခုတော့ ရှိလိမ့်မယ်"

"နင်က စုံထောက်ဦးစံရှားလုပ်မလို့လား"

"အေးပေါ့ စုံးစမ်းရမှာ ပေါ့"

"ဒီနေ့တော့ ပြန်တာကောင်းမယ်၊ လမ်းထဲမှာ ကားကြာကြာရပ်လို့ ရိပ်မိသွားဦးမယ်နော်၊ တော် ကြာ သူတစ်ခေါက်ပြန်ဆင်းလာလို့ မတော် တဆ တွေ့သွားရင် ဘယ်လိုလုပ်မလဲ"

ကလျာ ကတော့ မြတိုးလောက် မကြောက်တာအမှန်။

တွေ့သွားလည်း ခပ်တည်တည်ပေါ့။

ကလျာတို့က ရင်မဆိုင်ရဲစရာ မရှိဘူးလေ။

သူသာ အလိမ်ပေါ်မှာ စိုးလို့ ကလျာတို့ကိုတွေ့ရင် အသာရှောင်ပြေးရဦးမှာ ပါ။

ကလျာက ကားပေါ်က ဆင်းလိုက်သည်။

"ဟဲ...ဒါက ဘယ်လဲ"

"ဟို စတိုးဆိုင်ထဲမှာ အအေးဗူးဝယ်မလို့ပါ မြတိုးရယ်၊ ခဏလေး"

ကလျာက အအေးဝယ်ရင် ရနိုင်သလောက် စုံစမ်းမေးမြန်းစပ်စုဖို့ တိတ်တိတ်ကြိတ် စိတ် ကူးလိုက်တာ ဖြစ်သည်။

ရိုးသားမောင်ဆီမှာ မရိုးသားသော တစ်စုံတစ်ရာတော့ အမှန်တကယ်ရှိပါလိမ့်မည် ။

******

ကလျာရွှေရုပ်သည် ပြာလဲ့ကြည်လင်နေသော ရေကူးကန်ဘေးပတ်လမ်းလေးမှစ၍ ဒီဖတ် အားကစားခန်းမဆောင်တွေ ရှိရာဖက်သို့ လျှောက်လာသည်။

မက္ကဆီကန်ထန်းပင်လေးတွေ ခပ်ကျဲကျဲနှင့် စိမ်းစိုသာယာသော ဟိုတယ်၏ ဥယျာဉ်လေး က စိတ်ချမ်းမြေ့ဖွယ် အေးမြနေပါသည်။

ညနေခင်းလေးရဲ့ နွေးဖျော့သော နေရောင် ခြည်အောက်မှာ အရာအားလုံး လှပနေသလို စိတ်ထဲထင်မိ၏ ။

ဟိုတယ်နှင့် တွဲ ထားသော (GYM) ခန်းမကို သူမ မရောက် ဖြစ်တာ ရက်အတန်ကြာခဲ့ပြီ။

ဒီနေ့မှပဲ လာကစား ဖြစ်တော့တာ။

တစ်နာရီလောက် လေ့ကျင့်ခန်းယူ ကခုန်လိုက်တာမို့ လူကမောသွားရသည်။

သို့ပေမဲ့ အပြင်ဖက်ရောက်တာနှင့် ချွေးတိတ်ကာ လန်းဆန်းသွားရပါသည်။

မြတိုးက ကလျာ့ကို ဝင်ပို့ပေးပြီးတာနှင့် နေမကောင်းချင်၍ မကစားဘဲ ပြန်သွားသည်။

ထို့ကြောင့် သူမတစ်ဦးတည်း ဘားကောင်တာရှိရာဖက် ပတ်လျှောက်လာခဲ့တာ။

အအေးသောက်ပြီး တခဏနားမည် ။ ပြီးမှ ပြန်မည် ။

စိတ်ကူးအတွေးလေးနှင့် ခပ်ဖြည်းဖြည်း လှမ်းလာသော ကလျာသည် အားကစား ကလပ် ရှိရာ ခန်းမဖက် အကြည့်ရောက်လျှင် ခြေလှမ်းလေး တုန့်သွားရသည်။

မှန်ချပ်များ ကိုဖြတ်လျက် သူမမြင်တွေ့နေရသည်မှာ ပြေးစက်ပေါ်ပြေးနေတဲ့ လူရွယ်တစ် ယောက် ။

ဆံပင်တွေ ကို ဘီးကုပ်နှင့် နောက်ဖက်လှန်တင်ထားသည်။

ဘောလုံးသမားတွေ ဝတ်သလို တီရှပ်နှင့် ဘောင်းဘီတိုကို ဝတ်ထားသည်။ အဖြူပေါ် အပြာဘေးလိုင်းပါတဲ့ ဝတ်စုံဟာ သူ့ခန္ဓာကိုယ်ပေါ်မှာ ပွပွချောင်ချောင်ပင်။

ရိုးသား။

သူ့ကို ရုတ်တရက်တွေ့တာနှင့် ကလျာ့ရင်ခုန်သံတို့ တဆတ်ဆတ်နှင့် အခုန်မြန်လာရသည်။

ထိုအခန်းထဲမှာ စက်ကရိယာမျိုး စုံနှင့် တခြားလေ့ကျင့်နေသူတွေ လည်း ရှိပေမဲ့ ရိုးသားက သူမမျက်စိထဲ တန်းတန်းမတ်မတ် ဝင်လာခဲ့တာ။

သူက ဒီမှာ လာပြီး အားကစားလုပ်တတ်သတဲ့လား။

ယာဉ်မောင်းလေး တစ်ယောက် က ဒီလိုဟိုတယ်ကြီးမှာ လာကစားသတဲ့လား။

ကလျာသည် သူ့ရှေ့မှော က်သွားကာ ဖမ်းနှုတ်ဆက်ပစ်ချင်စိတ် ပေါက်လာခဲ့သည်။

သူမခြေလှမ်းတွေ က ထိုခန်းမထဲ အလိုလိုဝင်လာမိတော့သည်။

မျက်နှာချင်းဆိုင် တွေ့လိုက်ရရင် သူဒအံ့သြသွားမှာ ပဲလေ။

သူက စက်ပေါ်မှာ အားကြိုး မာန်တက် ပြေးနေဆဲ။ သူ့တစ်ကိုယ်လုံးလည်း ချွေးပြိုက်ပြိုက်ကျနေသည်။

သူ့အနီးမှာ သွားရပ်လိုက်လျှင် ကလျာ့ကို သူမြင် သွားပါသည်။

အံ့အားသင့်သလို တစ်ချက် ဖြစ်သွားပြီးတာနှင့် သူကစက်ပေါ်ကဆင်းကာ ကလျာ့ကို ဘာမှမ ဖြစ်သလို ပြုံး လျက်မေးဆတ်သည်။

သူ့သဏ္ဍာန်ခပ်မက်မက်သည် ဘယ်လိုကြည့်ကောင်းမှန်းမသိ။

ချွေးစိုနေသော မျက်နှာကလည်း တစ်မျိုး ဆွဲဆောင်မှု ရှိတာ နီရောင် ပြေးနေ၏

။

“ကလျာပါလား၊ ဘယ်ကိုလာတာလဲ”

“ တစ်ယောက် တည်းလား”

“အင်းပေါ့”

“ကစားပြီးသွားပြီလား”

“ရိုးသားကရော”

“ကျွန်တော် လည်း ပြီးပါပြီ”

“ရှင် ဒီမှာ ကစားတာ ကြာပြီလား”

“မကြာသေးပါဘူး၊ ဘော်ဒါ တစ်ယောက် က မင်ဘာဝင်ပေးလိုက်တာနဲ့ ကြီးပွားနေတာ၊ ဟား...ဟား”

သူကလည်း ကလျာ့အကြည့်နှင့် ဆိုလိုရင်းအဓိပ္ပာယ်ကို သဘောပေါက်ပုံရလေသည်။

ကလျာက အပြုံး နှင့် ခေါင်းလေးသာ ဆတ်မိသည်။

ရိုးသားက နောက်ဖက်မှာ ချိတ်ထားတဲ့ ကျောပိုးအိတ်သွားယူပြီး အထဲကနေ သဘက် တစ် ထည်ထုတ်လျက် မျက်နှာပေါ်က ချွေးတို့ကို စင်ကြယ်အောင် သုတ်ပစ်လိုက်သည်။

ပြီးလျှင် နှစ် ယောက် သား ဟိုတယ်ဘားဖက် လျှောက်လာပြီး ကုတ်တစ်ပူးဆီ ယူလိုက်ကြသည်။

သံပူးအဖုံးကိုဖွင့်ကာ ဒီအတိုင်းဘဲ မော့သောက်ကြရင်း အပြင်ဖက်မှာ ချထားတဲ့ ကုလား ထိုင်တို့တွင် ခဏထိုင်မိကြသည်။

"ရိုးသားက ချို့သစ်နဲ့ လာနေကျလား"

"မဟုတ်ပါဘူး"

သူက ကလျာ့မျက်နှာကလေးကို စေ့စေ့ကြည့်လျက်......

"ကလျာရော ဟိုကောင်မလေးနဲ့ လာနေကျမဟုတ်လား"

"မင်းထွဋ်က ဝါသနာမပါဘူး၊တစ်ခါမှခေါ်လို့မရပါဘူး၊ ကလျာက တခြားသူငယ်ချင်းနဲ့ မင်ဘာဝင်ထားတာပါနော်"

"မိန်းကလေးလား"

သူ့အမေးကြောင့် ရယ်လိုက်မိသည်။

"ဘာရယ်တာလဲဗျ"

"ကလျာ့မှာ ကောင်လေးတွေ အများ ကြီးလို့ ရိုးသားက ထင်နေတာကိုး"

"ခင်ဗျားပုံလေးက ကြိုက်ချက်စရာပဲလေ"

"အောင်မယ် မဟုတ်ပါဘူး"

"ကျွန်တော် သိတယ်၊ ကလျာက လှတာထက် အရမ်းဆွဲဆောင်မှု ရှိတယ်"

သူ အဲလိုပေါ်တင်ပြောချလိုက်ချင် ကလျာမျက်နှာလေး မထားတတ်အောင်ပင် ရှက်သွေးဖျန်းမိ၏ ။

သူ့ကို ဘာမှလည်း မဆွဲဆောင်ပါဘူးနော်။

သူ့ဘာသာသူ တငေးတမောနဲ့ မမိတ်မသုန်စိုက်ကြည့်တတ်ခဲ့တာပါ။

ကလျာသည် သူ့ထံမှအကြည့်ကိုလွှဲလျက်......

"ရှီးသားက ဒီကနေအိမ်ပြန်မှာ လား"

"လေးလေးဂအိမ်လား၊ မပြန်သေးဘူး၊ မန်းဒေးမနက်မှ လာခဲ့မယ်"

အခုနောက်ပိုင်း သူက ဦးအဂ္ဂကို ကလျာခေါ်သလို လေးလေးဂဟုသာ ပြောင်းလဲခေါ်ဝေါ်သည်။

"ဒါဆို အခု ဘယ်ကိုပြန်မှာ လဲ"

"ကျွန်တော့် အိမ်"

"ရှီးသားအိမ်က ဘယ်မှာ လဲ"

"ဘာလုပ်မလို့မေးတာလဲ၊ အလည်လိုက်မလို့လား၊ လိုက်ရင်ခေါ်သွားမယ်၊ မလိုက်နိုင်ဘဲနဲ့ တော့ စိတ်ဝင်စားသလိုလို မေးမနေပါနဲ့ ဗျာ၊ ကျွန်တော် တို့က ဆင်းရဲသားတွေ ပါ"

"အံမယ် ယုံချင်စရာချည်းပါလားနော်"

"ကလျာ ကျွန်တော့်ကို အမြဲတမ်း သံသယမျက်လုံးတွေ နဲ့ပဲ ကြည့်တယ်နော်၊ အဲဒါ ဘာ ဖြစ် လို့လဲဗျ"

"ရှင်က ပဟေဠိဆန်တာကိုး ရှီးသားရဲ့ "

"လူဆိုတာ ကိုယ့်အကြောင်းနဲ့ ကိုယ်တော့ ရှိတာပေါ့ဗျာ"

ကလျာသည် လို့ ဝှက်မှု ဆန်သော သူ့မျက်လုံးတွေ ကို ကြည့်နေမိသည်။

ရိုးသားသည် စွဲမက်ဖွယ်ကောင်းသော သူမရဲ့ ဟန်ပန်အကြည့်လေးမှာ နစ်မျောနေမိသည်။

နပုံးပေါ်တချို့၊ ပခုံးနစ် ဖက်ပေါ် တချို့ ဖွာရာရာလေးကျနေသော ဆံစညြိုညြို မျှင်မျှင်လေး တွေ ကို ဖယ်ရှားမိချင်သလိုလို။သူမရဲ့ ပါးမို့မို့လေးကို အသာဖွဖွတို့ ထိချင်မိသလိုလို သူ့ရင်ထဲ အသည်းတယားး ချစ်စနိုး ဖြစ်မိတာ ဘာကြောင့်လဲ။

သူမနားရောက်ပြီဆိုလျှင် လူက ပြန်မခွာချင်အောင် ငြိတွယ်နစ်ဝင်သွားရတာ ထူးခြားသော ခံစားချက်တစ်ခုပင်။

ကလျာရွှေရုပ်ကို သူ နစ်သက် နေမိတာ အမှန်ပင်။

"ကဲပါလေ......ရှင့်အကြောင်းတွေ ရှင်မသိစေချင်ရင်လည်း ထားပါတော့၊ ကလျာ အဝတ်အစားသွားလဲလိုက်ဦးမယ်နော်"

သူမက ထရက်စုလိမ္မော်အနက်ရောင် လေးကို လဲလှယ်ရဦးမှာ မို့ သူ့ကို နှုတ်ဆတ်၍ ထိုင်နေရာမှ ထရပ်လိုက်သည်။

"ကျွန်တော် လည်း အဝတ်လဲရမှာ ပဲ၊ ပြီးရင် ကားစတင်းကစောင့်မလား၊ ကလျာ့ကို ပြန်ပို့ပေးမယ်လေ"

ရိုးသားက ရင်ထဲက လှုပ်ရှားမှု များ ကို မသိကျိုး ကျွံပြုလျက် သာမန်လေးသာ ပြောဆိုနေ မိသည်။

"အချိန်ရောရသေးလို့လား"

"ရပါတယ်ဗျာ"

ကလျာ့အတွက်ဆို အချိန်တစ်ခုပေးနိုင်ရုံ ဘယ်ကမလဲ။ ဘဝတစ်ခုလုံးတောင်

အပ်နှံချင်မိ သေးတာ။

ရိုးသားက သူမလျှောက်သွားတာလေးကို လှမ်းကြည့်နေမိသည်။

ကလျာ ကတော့ ကျောမလုံသော ခံစားချက်နှင့် ခြေလှမ်းမှာ းချင်သည်။

သူတစ်ချက်ကြည့်ရုံလေးနဲ့ ရင်ထဲပြောင်းဆန်သွားတတ်တာ ဘာကြောင့်ပါလိမ့်နော်။

တစ်ခုခုကြောင့် သူညာနေတာကို ရိပ်မိလာပေမဲ့လည်း သူ့အပေါ် ယုံကြည်မှု တစ်မျိုး က ကလျာ့ရင်မှာ အခိုင်အမာရှိနေလျက် ဘာကိုမှ အပြစ်မတင်ရက်အောင် ဖြစ်နေတာလည်း ထူးဆန်း ပါသည်။

ကလျာသည် အခုနထွက်လာခဲ့တဲ့ အကသင်တန်းခန်းမဖက် ပြန်လျှောက်လာကာ လော်ကာထဲထည့်ထားတဲ့ ကျောပိုးအိတ်ကိုယူလျက် ရေချိုး ခန်းဖက်မှာ အဝတ်အစားသွားလဲလိုက် သည်။

အနားမညီမညာနှင့် တခြမ်းစောင်းအလှာပါးလေးတစ်ထပ်ပါတဲ့ စကားဝါရောင် ဖျော့ဖျော့ ဂါဝန်ရှည်လေးကို ဝတ်လိုက်တာမို့ မြန်သည်။

မှန်ရှေ့သွားကာ ဆံပင်နည်းနည်း ဖြီး၊ နှုတ်ခမ်းဆိုးဆေး အသားရောင် လေး ဖွဖွတင်ပြီးလျှင် သူမပြန်ထွက်လာသည်။

သင်တန်းဆရာမ ကို နှုတ်ဆက်ကာ အပြင်ဖက်ကားစတန်းရှိရာ လျှောက်လာသည်။

ရိုးသားမောင်က ကားနံဘေးမှာ အသာကွယ်လျှိုးလျက် သူမကို စောင့်ကြည့်နေမိ သည်။

ကလျာသည် သူ့ရဲ့ ဂျစ်ကားအဖြူလေးရပ်ထားရာဆီ တည့်တည့်မတ်မတ် လျှောက်လာနေ တာမြင်လျှင် ရိုးသားက မျက်မှော င်ကုပ်သွားရသည်။

သူ့ရဲ့ ဂျစ်ကားကို ကလျာ ဘယ်လိုသိနေပါလိမ့်။

ဒီကားကို လေးလေးဂဃထံသွားလျှင် သူ တစ်ခါမှယူမသွားခဲ့ဖူးသေးပါ။

နောက် တဖြည်းဖြည်းမှသာ သူငယ်ချင်းကားဆွဲလာတာပါဆိုပြီး ယူမလားစဉ်းစားနေတုန်းပဲ ရှိပါသေးသည်။

ကလျာက စကားဝါရောင် ဖျော့ဖျော့ ဂါဝန်လေးနှင့် ကျောပိုးအိတ်ညိုညိုကို လက်ကဆွဲကာ လျှောက်လာရင်း သူထွက်လာပြီလားဟု လှမ်းမျှော်ကြည့်နေတာလေးက ချစ်စရာ။

ချစ်စဖွယ်ကောင်းသော မျက်နှာလေးက သူ့စိတ်တွေ ကို ညှို့ငင်နိုင်သည်။

ကလျာ သူ့နောက်ကြောင်းကို သိနေပြီဆိုရင်လည်း ဘာမှတော့ စိတ်ပူစရာရှိမယ် မထင်ပါ ဘူး။

ကလျာ့ကို သူယုံသည်။ သူထိခိုက်နစ်နာအောင် ကလျာဘယ်တော့မှ လုပ်မည် မထင်။

ရိုးသားက အသာပုန်းကွယ်နေရာကနေ သူမရှေ့ထွက်ရပ်လိုက်သည်။

“ဟိတ်”

“ဩော်... ရှင်က ဒီမှာ ရောက်နေရဲ့ သားနဲ့”

သူပြုံးကြည့်လိုက်လျှင် ကလျာ့ရင်ထဲ ပူနွေးလှုပ်ရှားလာရသည်။

“ဒီကားမှန်း ဘယ်လိုသိလဲ”

“မသိပါဘူး။ ဒီကားလေးက ဆင်ထားတာတွေ လှလို့ လာကြည့်တာ။ ဒါ ရိုးသားရဲ့ ကား လား ဘယ်သူ့ဆီက ဆွဲလာတာလဲ ရိုးဘော်ဒါက ကားကို တော် တော် ထားတာပဲနော် စီးကြည့်ချင်စရာ လေး”

“ကဲ.... စီးကြည့်ချင်ရင်တက်၊ ဘယ်သွားချင်သေးလဲပြော၊ လိုက်ပို့ပေးဖို့ အဆင်သင့်ပဲ။”

ကလျာ့စကားလေးကြောင့် ကရဝိတ်ထဲ လမ်းသွားလျှောက်ချင်တယ်။

“အိုကေ… သွားတာပေါ့”

ရိုးသာယူးကလည်း သူမနှင့် စကားလက်ဆုံပြောရင်း ကြည်နူးချင်သူမို့ ပျော်သွားရပါသည်။

သူတို့နှစ် ဦးသား ဂျစ်ကားအဖြူလေးနှင့် ဟိုတယ်ဝင်းထဲကနေ ထွက်လာသည်။

ကလျာသည် မရည်ရွယ်ဘဲ သူနှင့် လျှောက်လည်ဖို့ ဆုံးဖြတ်လိုက်မိတာ။

ကိုယ့်ဘာသာလည်း အံ့သြနေမိသည်။

ဂျစ်ကားလေးပေါ်မှာ လေးတို့ဝှေ့သွားတာပင် တစ်မျိုးကြည်နူးစရာကောင်းနေသည်။

သူက ကားမောင်းရင်း ကလျာ့ဖက် မသိမသာကြည့်လိုက်တဲ့အခါ ရင်ထဲနွေးခနဲဖိုသွားရတဲ့ ခံစားချက်က မက်မောဖွယ်ကောင်းလှသည်။

သူနံ့ဘေးမှာ ရှိနေရတာ ကလျာကြည့်မွေ့သာယာနေမိသည်။ ဒါကို ဝန်မခံချင်လို့မရ။

ကလျာသည် ရိုးသားကြောင့် စိတ်လှုပ်ရှားရင်ဖိုနေရတာ ကို ရှက်ကိုးရက်ကန်းလည်း ဖြစ်မိ သည်။

သူရော ရိပ်မိမလား။

သူ့ရင်ထဲမှာ လည်း ကလျာ့လိုပဲ တုရီရီနဲ့ ကြည်နူးလိုက်ဖို နေမလား။

ရိုးသားလည်း ဒီတစ်ခါကားမောင်းရတာ ပျော်ရွှင်တက်ကြွပြီး ပေါ့ပါးလန်းဆန်းနေသည်။

သူမနှင့် အတူ ကန်တောင်ကြီးကို လာရလိမ့်မည် ဟု မထင်ထား။ မြင်ကွင်းတွေအားလုံးဟာ ခါတိုင်းနှင့် မတူဘဲ သာယာလှပနေသလိုထင်မိ၏ ။

အလိုလိုပျော်နေမိတဲ့ ခံစားမှု က ထူးဆန်းလှပါလား။

ကလျာရယ်၊ ခင်ဗျားက ဘာကြောင့် ကျွန်တော် စိတ်တွေ ကို ဒီလောက်အထိ ဆွဲဆောင် သိမ်းပိုက်နိုင်ရတာ လဲ။

လှပသော နေ့ခင်းလေးမှာ သူတို့နှစ် ဦး အတူတွဲ လျှောက်ခွင့်ရသည်။

"သာယာတယ်နော် ကလျာ"

"အင်"

"ရည်စားနဲ့အတူလာရရင် ပိုမိုက်မယ်"

"ဘာရယ်"

"မင်းထွဋ်က မင်းရည်းစားမဟုတ်တာ သေချာလား"

"ရိုးသားက ဘာလို့ မေးတာလဲ"

"ကလျာ့မှာ ရည်စားမရှိစေချင်ဘူး"

"အောင်မယ်..မဆီမဆိုင်"

ကလျာက ရှက်စနိုးလေးဆိုမိသည်။

သူ့စကားအဓိပ္ပာယ်က ဘာတုန်း၊ ရင်ထဲမှာ နွေးခနဲ ဖြစ်သွားရသည်။

"တကယ်ပြောတာပါဗျာ၊ ကလျာက ကိုယ့်ချစ်သူဆိုရင် ဘယ်လို ဖြစ်စေချင်သလဲ။ ဘယ် အချက်တွေ အဓိကထားပြီး ရွေးမှာ လဲ"

သူ့မေးခွန်းကြောင့် ပြုံးမိသည်။

ဖူးစာရှင်ဆိုတာ ကိုယ့်စိတ်ကြိုက်ရွေးချယ်ခွင့်ပေးထားလို့လား။ ရေးရေးဘဝက ပါလာတဲ့ ကွင်းဆက်တစ်ခုကို သတ်မှတ်ထားတဲ့ အချိန်တစ်ခုရောက်မှ ချိတ်ဆက်ခွင့်ပေးတာမျ ိုး မဟုတ်ဘူး လား။

သူ့ရဲ့ ကိုယ်ကျင့်တရားက ဘယ်လိုမှန်းမသိဘဲ စစတွေ .ချင်းမှာ ပဲ ကလျာ့ဖက်က သူ့ရုပ်ရည်ကို သဘောကျနှစ်သက် ခဲ့ရတာ တော့ အမှန်ပင်။

သို့သော် ဒါကို သူသိလို့တော့ ဘယ် ဖြစ်မလဲနော်။

"ပြောလေ ကလျာ၊ ဘာတွေ စဉ်းစားနေတာလဲ"

"မလိမ်မညာဘဲ ဖြောင့်မတ်မှန်ကန်တဲ့ ရိုးသားအေးချမ်းတဲ့သူပေါ့"

"အဲဒါဆို တခြားသွားရှာမနေနဲ့တော့၊ ရိုးသားတဲ့ ဖိုသခွားလေးက ဒီမှာ ပဲ"

ရယ်ဟဟနှင့် သူ့ကိုယ်သူ ညွှန်ပြလျှင် ကလျာကချစ်စရာကောင်းသော မျက်စောင်းနွဲ့နွဲ့ လေးနှင့် တုံ့ပြန်သည်။

"ဟား...ဟား... မယုံဘူးလား"

"ဟွန်း...ရှင်က နာမည် ကသာ ရိုးသားမောင်၊ လူ ကတော့"

"ဘာ ဖြစ်လဲ ဆက်ပြောလေ"

"မပြောချင်ပါဘူး"

ရိုးသားသည် နေဝင်ဆည်းဆာချိန်လေးမှာ ခါတိုင်းထက်ပင် စွဲမက်ဖွယ်ကောင်းနေသော သူမရဲ့ မျက်နှာလေးကို မချင့်မရဲကြည့်ရင်း နီးစပ်ပတ်သက်ချင်စိတ်တွေ ပို၍ ပြင်းပြလာမိသည်။

ဒရိုင်ဘာကောင်လေး တစ်ယောက် ကို ခင်ဗျား တကယ်ချစ်နိုင်မလားကလျာ။

ကျွန်တော် ကတော့ ကလျာ့ရွှေရုပ်ကို အရမ်းကြီးစိတ်ဝင်စားမိတယ်။

ကလျာက သူ့ကို သင်္ကာမကင်းနှင့် လူလိမ်လူညာဆိုပြီး အထင်များ သေးမလားဟု သူ ကြောက်နတာလည်း အမှန်။

တကယ်တော့ အခုအချိန်မျိုးမှာ အချစ်ရေး ကို ဒီလောက်အထိ ခေါင်းထဲမထည့်သင့်တာ လည်း သူသိပါသည်။

သို့သော် ဘာကြောင့်မှန်းမသိ။ ကလျာနားကပ်မိလျှင် သူ့ရင်တွေ က ပြောင်းဆန်အောင် အခုန်ကြမ်းလာတတ်သည်။

လေးလေးဂရဲ့ စက္ကထရီမလေးကို မမျှော်လင့်ဘဲ သူစွဲလမ်းနေခဲ့မိပြီ။

သူ့ကို ဘယ်အချိန်က ခြွေခဲ့တာလည်း သူမသိပေ။

မူလက သူ့အစီအစဉ်ထဲမှာ မပါဝင်သော နှလုံးသားရေး ကိစ္စဟာ သူ့ရင်ထဲက ဘာလို့ အခိုင် အမာဝင်ရောက်လာသလဲ ရိုးသားမတွေ းတတ်တော့။

ဒီလောက် ချက်ချင်း ကြီး ဖွင့်ပြောရင်လည်း သူမက ယုံမည် မထင်။

ရိုးသားက သက်ပြင်းရှိုက်လိုက်သည်။

"ကလျာ"

"ဟင်"

"နောက်တစ်ပတ် တနင်္ဂနွေလည်း ကျွန်တော် တို့ တစ်နေရာသွားရအောင်"

"ချိုသစ်နဲ့သွားပေါ့"

သူမအပြောကြောင့် ရယ်မောမိသည်။

"မနာလိုဘူးလား သူနဲ့ဆို သဝန်တိုတယ်ပေါ့"

"အံ့မယ်... ဘာကြောင့် သဝန်တိုရမှာ လဲ။ ရှင်နဲ့ကလျာက ဘာဆိုင်လို့လဲ"

"သိပ်မကြာခင် ဆိုင်သွားလိမ့်မယ်လို့ မထင်ဘူးလား"

"သူ့ဖက်ကို ကလျာက အလန့်တကြားလေးကြည့်မိကာ......"

"မထင်ပါဘူး။ ဘာလို့ထင်ရမှာ လဲ" ဟု ကမန်းကတန်း ပြန်ပြောမိ၏ ။

သူက တလေးတနက်ဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ကာ။

"ကျွန်တော် တော့် ထင်နေတယ်။ ကျွန်တော် နဲ့ ကလျာ ရေစက်ရှိတယ်ဗျ"

သူ့စကားကို ဘာမှမ ဖြစ်သလို ပြုံးရယ်နေမိသော်လည်း နှလုံးသားမှာ ပူနွေးလိုက်ခုန်သွားရ တာ ကလျာမငြင်းနိုင်ချေ။

ထို့နောက် ရိုးသားမောင်နှင့် ကလျာရွှေရုပ်တို့သည် ကတ္တရာလမ်းလေးအတိုင်း မျှော်စင် ကျွန်းရှိရာဖက် လျှောက်လာပြီး အမှတ်တရ အင်းလေးစားသောက်ဆိုင်မှာ လေးမှာ ထိုင်မိကြသည်။

သီးခြားမနိမိုးနှင့် စားပွဲဝိုင်းလေးမှာ နှစ် ယောက် အတူထိုင်ပြီး အကြော်စားရင်း စကားပြော ခွင့်ရခဲ့တဲ့ ကြည်နူးစရာအချိန်လေးကို ကလျာ ဘယ်တော့မှ မမေ့နိုင်တော့မည် မထင်ပါ။

ရိုးသားနှင့် ပတ်သက်လျှင် နှလုံသားက အလိုအလျှောက် မှတ်တမ်းပြု ထားတတ်တယ်ဆို တာ သူမ အံ့အားသင့်စွာ တွေ ့ရှိခဲ့ရပါသည်။

“အရိုးရယ်.... နင့်ဥစ္စာက စွန့်စားလွန်းရာ ကျနေပြီ။ မေမေသာသိသွားရင် ပြဿ နာပဲ။ ငါတော့ ရင်တွေ ထိတ်လိုက်တာဟယ်”

မမသူဇာက သူ့အတွက် ယိုးဒယားသဘော်သီးထောင်းကို ပန်းကန်ထဲထည့်ပေးရင်း ထမင်း စားပွဲမှာ လာထိုင်ကာ ညည်းညူလိုက်တာ ဖြစ်သည်။

“ဒီလောက်လည်း စိတ်မပူပါနဲ့ မမရာ။ ကျွန်တော် မီးစင်ကြည့်ပြီး ကတတ်ပါတယ်”

“နင်က အခု အဲဒီ အိမ်မှာ နေရတာ ပေါ့ဟုတ်လား”

“အိမ်ပေါ်မှာ တော့ ဘယ်ဟုတ်မလဲ။ ခြံထဲက အိမ်လေးမှာ ပေါ့”

“နင့်ကို ဘာမှသံသယမဝင်ဘူးလား”

“လေးလေးဂကု အလုပ်များ တယ်ဟ၊ ပြီးတော့ သူ့ကားလာမောင်းပေးတဲ့ ကောင်လေး တစ်ယောက် ကို ဘာသံသယဝင်စရာရှိလို့လဲ”

“နင်က လေးလေးဂလို့ ခေါ်တာလား”

သူဇာက စိတ်လှုပ်ရှားသလို မေးလိုက်သည်။ ရှိုးသားက ခေါင်းသာညိတ်သည်။

မမသူဇာရဲ့ သားနှစ် ယောက် က ဧည့်ခန်းမှာ ဆော့ကစားနေကြ၏ ။

မေမေက ဒီမနက်မှာ ချိုသစ်အမေနှင့် အတူ ဘုရားသွားကြသည်။

မေမေအိမ်မှာ မရှိတဲ့အချိန်မို့ သူတို့ မောင်နှမနှစ် ယောက် သား ပွင့်ပွင့်လင်းလင်းပြောစရာရှိ တာ ပြောနေကြတာ ဖြစ်သည်။

မေမေကြားလို့ မ ဖြစ်ဘူးလေ။

"ဖေဖေ့ ကို ငါလည်းတွေ့ချင်လိုက်တာဟာ"

သူဇာက ရင်ထဲမှ လွမ်းဆွတ်တမ်းတသံနှင့် ပြောလိုက်သည်။

သုံးနှစ်သမီးအရွယ်ကတည်းက ဖခင်နှင့် ကွဲကွာခဲ့ရတာ မို့ ဖေဖေ့ပုံရိပ်တွေ က ဝိုးတဝါးရှိ သည်။

ဖေဖေ့ဓာတ်ပုံကိုတော့ သူဇာက မေမေမသိအောင် အသာလေး သိမ်းဝှက်ထားခဲ့သည်။

ဘဝတစ်လျှောက်လုံးမှာ မေမေလစ်တိုင်း ထိုဓာတ်ပုံကို အသာခိုးကြည့်ခဲ့ရတာ အမောပါ။

မေမေက နောက်အိမ်ထောင်သစ် ဦးဦးကျော်ထက်နှင့် လက်တွဲ ခဲ့ပြီးနောက် မောင်လေးရှိုး သားနှင့် မောင်လေးသုတတို့ကို မွေးဖွားခဲ့သည်။

မေမေက ဘဝသစ်မှာ ပျော်မွေ့နေသားကျခဲ့တာမို့ သူဇာက ဖခင်မဲ့သွားတယ်ဆိုပေမဲ့ မိသားစုရဲ့ နွေးထွေးမှု တော့ မပပျောက်ခဲ့ပါ။

ငယ်စဉ်တုန်းက သူဇာတို့အားလုံး နယ်စပ်မြို့ ကလေးတစ်ခုမှာ နေထိုင်ခဲ့ပြီး နောက်ပိုင်း တော့ မန္တလေး၊ အဲဒီ နောက်မှာ မိတ္ထီလာစသဖြင့် ရွှေ့ ပြောင်းသွား ခဲ့ရချိန်မှာ ဖေဖေနှင့် လုံးဝ အဆက်အသွယ်ပြတ်သွားခဲ့ပါသည်။

ဖေဖေကိုယ်တိုင်လည်း နိုင်ငံရပ်ခြားမှာ သွားရောက်အခြေချနေထိုင်သည်ဟု သတင်းသဲ့သဲ့ ကြားခဲ့ရဘူးသည်။

သူဇာသည် ဘွဲ့ယူတဲ့နေ့တစ်နေ့မှာ သူများ တွေ မိစုံဘစုံတက်ရောက်တာမြင်ရတဲ့အခါ ဖေဖေ့ကို ပြင်းပြင်းပြပြ လွမ်းဆွတ်တမ်းတခဲ့ရသည်။

နောက်တစခါက မင်္ဂလာဆောင်တဲ့နေ့မှာ ပါ။

သူဇာ့မှာ ဖခင်ရင်းရှိပါလျက် မင်္ဂလာယူတဲ့နေ့မှာ မိဘခြံရံခွင့်မရ။ အဲဒီ မှာ ဦးဦးကျော်ထင် လည်း ကွယ်လွန်ခဲ့ပြီမို့ မေမေနှင့် ရီးသား သူဇာ့နားမှာ ရှိခဲ့ရတာ ပါ။

သူဇာက မေမေမသိအောင် ဖေဖေ့အကြောင်း ကြိတ်စုံစမ်းခဲ့သည်။

သားကြီးကို မွေးပြီးသွားတဲ့အချိန်မှာ ဖေဖေ ရန်ကုန်ပြန်ရောက်နေပြီဆိုတာ စုစံမ်းလို့ရခဲ့ သည်။

ဖေဖေက ကုဏာမွဏီထောင်ထားပြီး ကြီးပွားချမ်းသာနေပြီဟု သိထားရတာ ကြောင့် ရင်ထဲ မှာ မုဒိတာပွားရ၏ ။

သူဇာထင်မိတာ ကတော့ ဖေဖေလည်း နောက်အိမ်ထောင်နှင့် အခြေကျနလောက်ပြီဆိုတာ မျိုးပါ။

အဲဒီ နောက်ပိုင်းမှာ လည်း သားငယ်ကို မွေးဖွားခဲ့ရတာ မို့ သူဇာ ဖခင် ဖြစ်သူနှင့် မဆက်သွယ် ဖြစ်ခဲ့။ ဖေဖေ့နေရလိပ်စာအတိုင်း လိုက်သွားတော့လည်း အဲဒီ အချိန်မှာ ဖေဖေက အိမ်မှာ မရှိ။

ခြံစောင့်ထံစုံစမ်းတော့ စင်ကာပူခဏသွားနေကြောင်းသာ သိရသည်။.

ဒီလိုနှင့် သားနှစ် ယောက် ပင် ပြေးလွှားဆော့ကစားတတ်သော အရွယ် ရောက်ခဲ့ပြီ။

သူဇာ့ရင်ထဲက ဆန္ဒက မပြည့်မြောက်သေးပါ။

"တွေ့ ရမှာ ပါ မမရယ်"

"ဖေဖေက မေမေ့နောက်ပါသွားခဲ့တဲ့ငါ့ကို မုန်းနေပြီလာမသိဘူးနော် ငါ့ကိုတွေ့ ချင်ပါ့မ လား"

သူဇာမှာ စိုးရိမ်စိတ်က ရှိနေ၏ ။

ရိုးသားက အစ်မ ဖြစ်သူ မျက်နှာလေးကိုကြည့်ကာ ကရုဏာသက်ရသည်။

မမသူဇာက သူခံစားချက်တွေ ကို ရင်ဖွင့်ပြတဲ့အခါမှာ ရိုးသားလည်း ကိုယ်ချင်းစာမိပါသည်။

မမသူဇာလည်း ဖအေ ဖြစ်တဲ့သူကို ဆက်သွယ်ချင်ရှာမှာ ပဲလေ။

"ကိုယ့်သမီးပဲဗျာ...မတွေ့ ချင်ပဲရှိပါ့မလား"

"ဖေဖေ့နားမှာ ခပ်ချောချောအမျိုးသမီး တစ်ယောက် ရှိနေတယ်ဆိုတာ ဟုတ်လား"

"မဟုတ်ပါဘူး။ လေးလေးဂရဲ့ အတွင် းရေး မှူး ပါဗျာ။ ထင်တာတွေ လျှောက်ပြောနေကြ တာ"

"ဖေဖေက အခုထိ တစ်ယောက် တည်းပဲလား"

"အဲဒီ ကောင်မလေးကရော"

"ခြံချင်းကပ်ရက်နေတာပါ"

"ငါကြားတာလည်း ခြံနီးချင်းက အမျိုးသမီးလို့ ကြားတာ"

"မဟုတ်ပါဘူးဗျာ"

ရိုးသားက သဘော်သီးထောင်းလည်းစား၊ စကားလည်းပြောရင်း တရှူး ရှူး တရှဲရှဲစပ်လာကာ ရေခဲရေ မြန်မြန်သောက်ချရသည်။

"မမမယုံရင်လာကြည့်၊ လေးလေးဂအိမ်မှာ ခလောလောဆယ် ကျွန်တော် ရယ်၊ ကြီးကြီးမြ ဆိုတဲ့ ထမင်းချက်လူယုံအဘွားကြီးရယ်။ ဒြဲစောင့်ဦးဘမြင့်ရယ် တစ်အိမ်လုံး ဒါပဲရှိတာပဲ။ လေး လေးဂ နေထိုင်ပုံကလည်း ရှင်းပါတယ်။ မနက်စောစောဆိုရင် သူ့ဘုရားရှိခိုးမယ်။ ဘရိတ်ဖတ်စ်စား မယ်။ ဂေါ့ဖ်သွားရိုက်မယ်၊ ပြီးရင် ကုမ္ပဏီရုံးကိုသွားမယ်။ အိမ်မှာ နားတဲ့ရက်ဆို စာဖတ်မယ်။ ဘော လုံးပွဲကြည့်မယ်၊ တစ်ခါတစ်လေ ညနေလောက် ဘီယာဝိုင်းလေးဘာလေးဖွဲ့ပြီး အပေါင်းအသင်း တွေ နဲ့ သောက်တာလောက်ပဲရှိပါတယ်။ မိန်းမကိစ္စရှင်းတယ်၊ မမ သတင်းတွေ ကြားတာမှာ းနေ တယ်။ ကျွန်တော် သရသလောက်တော့ လေးလေးဂက ရိုးရိုးဖြောင့်ဖြောင့်သမားပါ။ ငယ်ငယ်တုန်း က မိန်းမရှုပ်ခဲ့တယ်ဆိုတာတော့ ကျွန်တော် မသိတဲ့အပိုင်းပေါ့လေ။ မေမေအထင်လွဲခဲ့တာမျိုး လည်း ဖြစ်နိုင်ပါတယ်"

ရိုးသားသည့် မိခင် ဖြစ်သူရဲ့ ယခင်အိမ်ထောင်ဖက်အကြောင်း မကောင်းမပြောဘဲ အ ကောင်းသာမြင်ပေးနေလေသည်။

သူသည် ငယ်ငယ်ကတည်းက အင်မတန် စိတ်ရင်းကောင်းပြီး ဖြူစင်သူလေး ဖြစ်သည်။ မောင်နှစ် ယောက် အနက်မှာ သူက အစ်မအပေါ်လည်း ပိုသိတတ်သည်။ ပိုတွယ်တာသည်။

သူဇာအိမ်ထောင်ကျပြီးတဲ့အထိလည်း မောင်နှမနှစ် ယောက် မှာ ချစ်ခင်စည်းလုံးဆဲပါ။

ဒါကြောင့်လည်း သူဇာက ရိုးသားထံသာ အကူအညီတောင်းခဲ့ရတာ ။

"အရိုး...ငါလေ ဖေဖေနဲ့ အဆက်အသွယ်ပြန်ရချင်တယ်ဟာ၊ မေမေကိုလည်း မသိစေချင် ဘူး။ အထူးသဖြင့် ဖေဖေ့ဆီမှာ မြေးလေးနှစ် ယောက် ရှိနေပြီဆိုတာ သိစေချင်တယ်။ ကလေးတွေ ကို လည်း သူတို့အဖိုးကို မြင်ဖူးစေချင်မိတယ်။ ဒါပေမဲ့ ဖေဖေ့ဘက်က သဘောထားကို ငါမသိဘဲ မဆက်သွယ်ရဲဘူး။ နင်ကူညီနိုင်ရင် ကူညီစမ်းပါနော်"

“ကျွန်တော် က ဆက်သွယ်ပေးရမှာ လား”

“အေးပေါ့...ဒါပေမဲ့ မသိမသာလေးနော်၊ ဆုတ်သာတက်သာရှိအောင် ချဉ်းကပ်ပေါ့ဟာ။ ဖေဖေ့မှာ နောက်အိမ်ထောင်နဲ့ သားသမီးတွေ ပြည့်စုံနေပြီဆိုရင်လည်း သူ့ဘဝနဲ့ သူပြီးရောပေါ့ ဟာ၊ ငါ မနှောင့်ယှက်ချင်ပါဘူး။ ဖေဖေ့ဖက်မှာ ငါဆက်သွယ်လို့ ပြဿ

နာတက်မှာ မျိုးလည်း မလို လားဘူး။ ဖေဖေ့ဖက်က တွေ့ ချင်တဲ့ဆန္ဒရှိရင်သာ သူ့မြေးနှစ် ယောက် နဲ့ တွေ့ ပေးမှာ ပါ။ တော် ကြာ ငါက အမွေတွေ ဘာတွေ မက်လို့ အခုမှပေါ်လာသလားလို့ ထင်မှာ လည်း စိုးတယ်ဟာ။ အဓိကက ဖေဖေရဲ့ သဘောတားဆန္ဒပေါ့ဟယ်။ ငါ့ကို အသိအမှတ်ပြုမလား။ ဒါမှမဟုတ် မေမေနဲ့အတူတူ သူ့ဘဝထဲက ထုတ်ပယ်လိုက်ပြီလား။ အဲဒါလေးကို သေချာသိချင်တာ။ ဒီဖက်မှာ လည်း မေမေ စိတ်မကောင်း ဖြစ်မှာ စိုးရသေးတယ်။ နင် မေမေ့ကိုတော့ လုံးဝမပြောမိစေနဲ့နော်”

“သိပါတယ် မမရာ”

ရိုးသားသည် ထိုအချိန်ကပင် မမသူဇာပြောသော အကြောင်းအရာတွေ ခေါင်းထဲရောက် ခဲ့ရတာ ။

မမသူဇာကြားတဲ့သတင်းအတိုင်း ဦးအဂ္ဂမှာ ဇနီးသားသမီးတွေ ရှိသလား၊ ဒါမှမဟုတ် တိတ် တိတ်ပုန်း ပတ်သက်တဲ့ဇနီးရောရှိသလား၊ ရှိရင် ဘယ်မှာ နေသလဲစသဖြင့် သူစုံစမ်းဖို့လိုအပ်လာ ခဲ့သည်။

ဦးအဂ္ဂမိုးဆိုတာ တကယ်တော့ သူစိမ်းလို့ပြောရင်ရသလို မေမေ့ခင်ပွန်းဟောင်း။ မမသူရဲ့ ဖခင်တစ်ဦးလည်း ဖြစ်နေသည်မဟုတ်လား။

ထိုကိစ္စကို သူတစ်နည်းနည်း နှင့် တော့ ဆက်သွယ်ဖြေရှင်းရမည် ။

ရိုးသားတို့ဘော်ဒါတွေ က အင်တာနက်ဆိုင် စပ်တူဖွင့်ထားသလို ကွန်ပျူ တာသင်တန်းတွေ ဖွင့်ထားတာလည်း ရှိပေမယ့် သူနေ့တိုင်းသွားစရာမလို၊ တစ်လတစ်ခါလောက် စာရင်းရှင်းတမ်း လုပ်ရုံမို့ ခုလောလောဆယ် သူ့မှာ အားလပ်သလို ဖြစ်နေပါသည်။

မေမေက သူ့ကို စင်ကာပူလည်း ပြန်မသွားစေချင်။ ရိုးသား ကတော့ ဟိုမှာ တစ်နှစ် လောက် ကြာ နေခဲ့ဖူးတာမို့ ပြန်သွားချင်တဲ့ စိတ်ကူးရှိပါသည်။

မေမေ ကတော့ သူ့ကို ဒီမှာ ပဲ အခြေချပြီး အိမ်ထောင်ပြုစေချင်ပြီ။

မမသူဇာပြီးရင် သူအိမ်ထောင်ပြုရမယ့်အလှည့်ပဲဆိုတာ အစောကြီးကတည်းက ကြိုတင် သတိပေးထားပြီးသား။

အငယ်ကောင် သုတက ရည်းစားရှိပြီး ရိုးသားမှာ က အခုထိ ရည်းစားလည်းအတည်တကျမရှိသေးသူမို့လား။

ဒါကြောင့် လည်း အမေနှင့် အစ်မ ဖြစ်သူက တစ်တိုက်ထဲအပေါ်ထပ်အောက်ထပ်နေကြတဲ့ ရင်းနှီးပြီးသားလည်း ဖြစ်တဲ့ ချိုသစ္စာကို မျက်စိတွေ့ကာ သူနှင့်ယှဉ်တဲစတတ်တာ။

သူ ကတော့ ရယ်ရယ်မောမောနှင့်သာ ပြီးသွားပြီး ဘာမှလည်း မကန့်ကွက်၊ ရှေ့ကိုလည်း မတိုးဘဲ ဒီအတိုင်းလေးသာ မျှောနေခဲ့သည်။

သို့သော် ယခုတော့ သူ့ရင်မှာ လှုပ်ရှားယစ်မူ ရသော မိန်းကလေး တစ်ယောက်ကို တွေ့နေ လေပြီ။

မထင်မှတ်သော အချိုးအကွေ့လေးတစ်ခုမှာ ကံတရားက သူ့ကို ကလျာဆိုသော ကောင်မ လေးနှင့် ဆုံတွေ့ရင်းနှီးစေခဲ့ပြီလေ။

သူကြိုက်တဲ့ ကောင်မလေးရှိနေပြီ။

ကလျာ့ရွှေရုပ်ကို သူ့နှလုံးသားက စွဲမက်တောင့်တနေခဲ့ပြီ။

"အရင်ကိစ္စတွေ က ထားစမ်းပါအရိုးရယ်၊ အခု ဖေဖေ့အနားမှာ ဘယ်မိန်းမမှမရှိဘူးဆိုတာ၊ သေချာတယ်ပေါ့၊ ဖေဖေ့ စက္ကထရီးကရော ခပ်ငယ်ငယ်လေးပဲလား"

"အဲဒီ ကောင်မလေးကို လုံးဝခေါင်းထဲမထည့်နဲ့ မမ၊ ကလျာက ရိုးပါတယ်"

"နာမည် က ကလျာလား"

"ကလျာရွှေရုပ်တဲ့"

"နင်နဲ့ရော ရိုးရဲ့ လား"

မမသူဇာက ဒက်ခနဲကောက်မေးသည်။

ရိုးသားမျက်နှာပေါ်က ငြိတွယ်သော အရိပ်တွေ ကို အကဲခတ်နိုင်တာလား၊ ရိုးသားမျက်လုံး တွေ မှာ နှစ် လိုမြတ်နိုးတဲ့ အရိပ်အခြည်ကိုမြင်ရလို့လား မပြောနိုင်ပေ။

"ဟာ...မမကလည်း"

"ဟဲ....ငါမေးနေတာ နင်နဲ့ခင်နေပြီလား"

"ခင်တာ ကတော့ ခင်ပါတယ်"

"နင်နော် ...မျက်နှာက မချိုမချဉ်နဲ့ တော် ကြာ ခုတ်ရာတစ်ခြား ရှရာတလွဲလည်း ဖြစ်နေဦး မယ်။ ဖေဖေ့အကြောင်း ဘာမှမသိခင် နင်လည်း ရည်းစားရနေပါဦးမယ်။ ကြည့်ကျက်လည်း လုပ် ဦး၊ ဟွန်း"

"ရတာ ရော မကောင်းဘူးလား၊ မမပဲ ယောက် မလိုချင်တယ်ဆို"

"သေချာတယ် နင် အဲဒီ ကလျာကို ကြိုက်နေပြီ"

သူဇာက အပိုင်ပင်ဟောလေသည်။

ရိုးသားလည်း မငြင်းပါဘူး။ နှုတ်ခမ်းတွေ က ပြုံးစိစိလေးပင် ဖြစ်နေသည်။

"နင်က ဒီအကွက်ရှိလို့ ဖေဖေ့အိမ်မှာ ကားသွားမောင်းတာပေါ့လေ ဟုတ်လား နင့်အကြံ ငါခုမှပဲသိတော့တယ်"

"စေတနာမှန်လို့ အကြိုး ပေးတာပါမမရာ၊ ကျွန်တော် က မမစိတ်ချမ်းသာစေချင်လို့ လုပ် တာပါ။ မယုံလည်း မတတ်နိုင်ဘူး။ ကလျာ့ကို ကျွန်တော် သဘောကျတယ်။ ဒါတော့ ဝန်ခံပါတယ်"

"ဟင်...ကြည့်စမ်း"

မောင် ဖြစ်သူနှုတ်ဖျားက မိန်းကလေး တစ်ယောက် ကို ကြိုက်နစ်သက် ကြောင်း ကြားရသော အခါ သူဇာ့စိတ်ထဲ နေမြောသလိုလိုပင် ဖြစ်သွားရလေသည်။

ရိုးသား ကတော့ မျက်နှာပူပူနှင့် ထမင်းစားပွဲကနေ မြန်မြန်ထထွက်ခဲ့သည်။

******